


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဒီဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်

## စိ တ္တာ နု ပ ဿ နာ

(၂၃၄)

ဟောကြားသည့်နေ့
၂၆–၃–၆၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်

## (စိတ္တာနုပဿနာရှုနည်း)

ဟောကြားသည့်နေ့

(၂၆-၃-၅၄)

စာမူခွင့်ပြုချက်အမှတ် - ၂၄၀/၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၁၈/၂၀၀၃ (၄)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ ဧပြီလ
တန်ဖိုး - (        )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒီဘဝနိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်

**(စိတ္တာနုပဿနာရှုနည်း)**

ဟောကြားသည့်နေ့ (၂၆-၃-၅၄)

ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်ကြ. . . (မှန်ပါ့ဘုရား)။

## ကိုယ်နှစ်သက်တဲ့သတိပဋ္ဌာန်ကိုလုပ်ပါ

ဒီနေ့ဟောမှာက စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ စိတ်ကို ဝိပဿနာရှုနည်းကို မူတည်ပြောမယ်. . . (မှန်ပါဘုရား)။ ကြိုက်နှစ်သက်တဲ့ သတိပဋ္ဌာန်ကိုလုပ်ပါ။ ကိုယ့်စရိုက်နဲ့ တော်တာချည့်ပဲ။

ဝိပဿနာသည် စရိုက်မရွေးရဘူး. . . (မှန်လှပါဘုရား)။ ရှုခိုင်းတာရှု ကိစ္စပြီးတာပဲ၊ သို့သော် ကိုယ်ရှုလို့ကောင်းတာက ဝေဒနာရှုလို့ကောင်းတဲ့ပုဂ္ဂိုလ်က မရွေးနဲ့ ဝေဒနာနဲ့ပဲ နိဗ္ဗာန်သွားပါ . . . . (မှန်လှပါဘုရား)။

စိတ်အရှုကောင်းတဲ့ ပုဂ္ဂိုလ်ကလည်း စိတ်နဲ့ပဲ နိဗ္ဗာန်သွားကြပါ. . . (မှန်လှပါဘုရား)။ ဘုရားကတော့ဖြင့် သတိပဋ္ဌာန်လေးပါးရယ်လို့ ဟောခဲ့တာပဲ။

## ရဟန်းတစ်ပါးကလျှောက်တယ်

အဲဒီတော့ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရဟန်းတစ်ပါးကလျှောက်တယ်။

၁။ ဓမ္မကထိက၊ ဓမ္မကထိကဆိုတာဘာတုံးဘုရား။

၂။ တရားအတိုင်း ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဘုရား။

၃။ ယခုဘဝ နိဗ္ဗာန်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း ဘယ်လိုပုဂ္ဂိုလ်လဲဘုရား၊ သုံးချက်မေးလိုက်တယ်. . . (မှန်လှပါဘုရား)။

ဘယ်လိုပုဂ္ဂိုလ်အချိုးအစားသည် ဓမ္မကထိက ခေါ်ပါသတုံး၊ တစ်နံပါတ်။

နှစ်နံပါတ်က တရားအတိုင်း မော်နုဓမ္မာပဋိပန္န - ပုဂ္ဂိုလ်ဆိုတာ (ဝါ) တရားအတိုင်း ကျင့်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲဘုရား။

ယခုဘဝနိဗ္ဗာန်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း ဘယ်လို ပုဂ္ဂိုလ်လဲဘုရားဆိုတော့ သုံးချက်မေးတယ်. . . (မှန်လှပါဘုရား)။ သုံးချက်မေးတယ် ဒကာ ဒကာမတို့. . . ။

## ယခုကတည်းကဝမ်းသာထားပါ

သုံးချက်မေးတော့ ဒီအထဲမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မိမိတို့အားထုတ်ထားတာတွေသည် တို့သည်ဒီအထဲ အပါအဝင်ဖြစ်တယ်ဆိုတာ ယခုကတည်းက ဝမ်းသာထားပါ. . . (မှန်လှပါဘုရား)။

ဒီအထဲပါပြီးသားပုဂ္ဂိုလ်တွေဖြစ်ပါတယ်. . . (မှန်လှပါဘုရား)။ ဒါကြောင့် အားရှိအောင်လို့ ပိုသထက်ပိုအောင်လို့ ဝိပဿနာကိုလည်းအမျိုးမျိုး ရှုတတ်အောင်လို့ ဒီစကားကို ပြန်ပြီးပြောရတယ် . . . (မှန်လှပါဘုရား)။

တစ်နံပါတ်က ဓမ္မကထိကဆိုတာ ဘယ်လိုဟောတဲ့ ပုဂ္ဂိုလ်ကို ဓမ္မကထိကခေါ်သလဲ. . . . (မှန်ပါ)။ ရဟန်းက လျှောက်တယ်. . . (မှန်လှပါဘုရား)။

နှစ်နံပါတ်က တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ဓမ္မာနု ဓမ္မပဋိပန္နပုဂ္ဂိုလ်။

သုံးနံပါတ်က ယခုဘဝနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုပြီးသကာလ သုံးချက်မထင်ရှားသော ရဟန်းကဘုရားကို မေးသည်တဲ့။

## ဘုရားကဖြေတယ်

အဲဒီကဲ့သို့မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေရသည် **ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေဝုစ္စတိ ကိတ္တာဝတာနုခေါဘန္တေ ဓမ္မကထိကော ဟောတိတိ**

**ဓမ္မကထိကော** - တရားပြောတဲ့ပုဂ္ဂိုလ်၊ တရားဟောတဲ့ပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ ဟောတော်မူပါ၏။

**ဓမ္မကထိကော** - ဓမ္မကထိကသည် **ကိတ္တာဝတာနုခေါ** ဘယ်ကဲ့သို့ သဘောရှိသည် **ဟောတိ** - ဖြစ်ပါသနည်း။ ဒါက ရဟန်းကလျှောက်တယ်။

ဘုရားက ဖြေလိုက်တယ်၊ **ဝိညာဏဿ စေဘိက္ခုနိဗ္ဗိဒါယ ဝိရာဂါယ၊ နိရောဓာယ၊ ဓမ္မံဒေသေတိ, ဓမ္မကထိကောဘိက္ခုတိ အလံဝစနာယ။**

## ဓမ္မကထိက၏အခိပ္ပါယ်

ဝိညာဏဿ - စိတ်ကို၊ **နိဗ္ဗိဒါယ** - ငြီးငွေ့ခြင်းငှာ၊ ဝိရာဂါယ - တဏှာကင်းခြင်းငှာ၊ **နိရောဓာယ** - တဏှာချုပ်ခြင်းအကျိုးငှာ၊ **ဓမ္မံ** - တရားကို၊ **ဒေသေတိ** - ဟော၏။ **သော** - ထိုပုဂ္ဂိုလ်ကို **ဓမ္မကထိကောတိ** - ဓမ္မကထိကဟူ၍။ **ဝုစ္စတိ** - ငါဘုရားဆို၏။

ဓမ္မကထိက၏ အဓိပ္ပါယ်က စိတ်ကိုတဲ့ငြီးငွေ့အောင် ဟောရမယ်၊ ၎င်းစိတ်ကို ဘယ်တော့မှ မလိုချင်အောင် ၎င်းစိတ်ချုပ်အောင်၊ ချုပ်တဲ့နိဗ္ဗာန်ရောက်အောင်ပေါ့ဗျာ . . . (မှန်လှပါဘုရား)။ ဟောနိုင်လို့ရှိရင်ဖြင့် အဲဒါဟောတဲ့ပုဂ္ဂိုလ်ကို ဓမ္မကထိကလို့ဆိုတယ်၊ ဘုရားကဖြေလိုက်တယ်နော်. . . (မှန်လှပါဘုရား)။

ဒါက ဓမ္မကထိကအကြောင်းကောင်းကောင်းသိရော . . . (မှန်လှပါဘုရား)။ စိတ်တရားကို ဟောတယ် ငြီးငွေ့အောင် ဟောရမယ်. . . (မှန်လှပါဘုရား)။ ဒကာ ဒကာမတွေလည်း ငြီးငွေ့တဲ့စိတ်ပေါ်ရမယ်။ ဒီစိတ်ရှိနေတာ အလကားပါပဲ။ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ အလကားပါပဲ။

## ဓမ္မကထိကရွေးချယ်ခန်း

ဒီစိတ်မရှိမှဘဲ ဖြစ်ပျက်ဇာတ်သိမ်းမှာပဲ၊ ဒီစိတ်ချုပ်ငြိမ်းမှ အေးမှာပဲလို့ ဆရာတွေကဟော၊ ဒကာ ဒကာမတွေက ငြီးငွေ့တဲ့

ဉာဏ်တွေရ။ အဲဒီကဲ့သို့ ဟောနိုင်လို့ရှိရင်ဖြင့်တဲ့ ဓမ္မကထိက ပုဂ္ဂိုလ်လို့ ငါဘုရားက ဆိုရတယ်ကွ. . . (မှန်လှပါဘုရား)။ ဓမ္မကထိကပုဂ္ဂိုလ်လို့ ဆိုရတယ်တဲ့။ နားလည်ကြပြီလား. . . (နားလည်ပါပြီဘုရား)။

ကိုင်း. . . အဲဒါကတော့ ဓမ္မကထိကရွေးချယ်ခန်းသာ မှတ်စရာရှိပါသေးတယ်. . . (မှန်လှပါဘုရား)။

## တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်

ဒုတိယ ဒကာ ဒကာမတွေသိဖို့အရေးက ဓမ္မာနု ဓမ္မ ပဋိပ္ပန္နော - တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်၊ တရားအတိုင်းကျင့်တဲ့ ပုဂ္ဂိုလ်ဆိုတာဘယ်လို ပုဂ္ဂိုလ်လဲလို့ မေးတဲ့အခါကျတော့ **ဝိညာဏဿစေဘိက္ခုနိဗ္ဗိဒါယ၊ ဝိရာဂါယနိရောဓာယ၊ ပဋိပန္နော ဟောတိ။ ဓမ္မာနု ဓမ္မပဋိပန္နောဘိက္ခုတိ အလံဝစနာယ။**

**ဝိညာဏဿ** - စိတ်ကို၊ **နိဗ္ဗိဒါယ** - ငြီးငွေ့ခြင်းငှာ၊ **ဝိရာ ဂါယ** - ၎င်းအပေါ်၌ လိုချင်မှုကင်းခြင်းငှာ၊ **နိရောဓာယ** - ၎င်းချုပ်ခြင်းအကျိုးငှာ၊ **ပဋိပန္နော** - ကျင့်သည်၊ **ဟောတိ** - ဖြစ်၏။ **သော** - ထိုပုဂ္ဂိုလ်ကို **ဓမ္မာနု ဓမ္မပဋိပန္နော** - တရားအတိုင်းကျင့် တဲ့ပုဂ္ဂိုလ်ဟူ၍၊ **ဝုစ္စတိ** - ဆိုအပ်၏။

တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်က ဒကာ ဒကာမတွေ အလှည့်ရောက်လာတယ်. . . (မှန်လှပါဘုရား)။ ဒကာ ဒကာမ တွေအလှည့်ရောက်လာတယ်။

ဘယ်လိုအလှည့်ရောက်လာသတုံးဆိုတော့ စိတ်တစ်ခုကို ရှုလို့ရှိရင်ငြီးငွေ့ရမယ်. . . (မှန်လှပါဘုရား)။ လိုချင်မှုကင်းရမယ် . . . (မှန်လှပါဘုရား)။ ၎င်းစိတ်ချုပ်မှ နိဗ္ဗာန်ပဲဆိုတာလည်းသိရမယ်. . . (မှန်လှပါဘုရား)။

## ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်

ဤကဲ့သို့ ကျင့်တဲ့ပုဂ္ဂိုလ်မှ တရားကျင့်တဲ့ပုဂ္ဂိုလ် (ဝါ) ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်လို့ ဘုရားကဆိုတယ်. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ စိတ္တာနုပဿနာကိုယနေ့ပြောကြစို့. . . (မှန်လှပါဘုရား)။ စိတ်ကိုဘုရားက ငြီးငွေ့ခြင်းငှာ၊ တပ်မက်နှစ်သက်ခြင်း ကင်းခြင်းငှာ၊ ၎င်းစိတ်ချုပ်အောင်ကျင့်တဲ့ပုဂ္ဂိုလ်မှသာလျှင် ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်တရားအတိုင်းကျင့်တဲ့ပုဂ္ဂိုလ်လို့ ငါဘုရားကဆိုတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုပဲ ဒီနေ့အသေအချာပြောရလိမ့်မယ်. . . (မှန်လှပါဘုရား)။

## စိတ္တာနုပဿနာသတိပဋ္ဌာန်

သတိပဋ္ဌာန်ပါဠိတော်မှာ ဘယ်လိုလာသလဲလို့ဆိုတော့ "သရာဂံဝါစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ" " ဝီတရာဂံ ဝါ စိတ္တံဝီ

**တရာဂံ စိတ္တန္တိ ပဇာနာတိ**" ဒီလိုလာထားတယ်. . . (မှန်ပါဘုရား)။

လောဘစိတ်ဖြစ်တာကိုလည်း သိရမယ်ဟော့၊ လောဘစိတ်ဖြစ်တာကိုလည်း သိရမယ်ဟော့ ဒီလိုဟောထားတော့ ဒကာဒကာမတို့ ဝိပဿနာရှုတာသည် နေရာမရွေးပါနဲ့လို့ ဘုန်းကြီးကမှာတယ်. . . (မှန်လှပါဘုရား)။

## နေရာမရွေးပါနဲ့

နေရာမရွေးပါနဲ့၊ ပစ္စည်းကလေးတစ်ခုလိုချင်တယ် ဒကာဒကာမတွေရဲ့ လောဘစိတ်ဖြစ်တယ်. . . (မှန်လှပါဘုရား)၊ ပစ္စည်းတစ်ခုလိုချင်တော့ ဒကာ ဒကာမတွေ ဘာဖြစ်သတုံး. . . (လောဘစိတ်ဖြစ်ပါတယ်ဘုရား)။

အဲဒီလောဘစိတ်ကလေးဖြစ်တာကိုလည်း ခင်ဗျားတို့က အင်း. . . လောဘစိတ်ကလေး၊ ဒီစိတ်ကလေးဖြစ်နေပါပေါ့လား လို့ ခင်ဗျားတို့ ဉာဏ်လေးနဲ့ နောက်ကသိအောင်လုပ်ပေးပါ. . . (မှန်လှပါဘုရား)၊ သိအောင်လုပ်ပေးရမယ်တဲ့။

**သရာဂံဝါစိတ္တံ** - လောဘနဲ့တကွ ဖြစ်သောစိတ်ကို **သရာဂ စိတ္တန္တိ** - လောဘစိတ်ဖြစ်၏ဟု၊ **ပဇာနာတိ** - သိအောင်လုပ်ပါ။

## လောဘစိတ်ဖြစ်လာရင်

အဲဒီတော့ လောဘစိတ်ဖြစ်လာရင် ဒကာ ဒကာမတွေက နောက်ကညာဏ်ဘယ်လိုလိုက်ရမယ်. . . (သိအောင် လုပ်ရမှာပါဘုရား)။ သိအောင်လုပ်ရမယ်တဲ့၊ ဦးလှဘူးရေ . . . လောဘစိတ်ဖြစ်လာရင် ဘယ်လိုလုပ်ရမယ်. . . (သိအောင်လုပ်ရမှာပါဘုရား)။

သိအောင်လုပ်ရမယ်တဲ့၊ သိအောင်လုပ်ရမယ်ဆိုတော့ ရှင်းပါတယ် ဒကာ ဒကာမတို့ မိမိသန္တာန် စားချင်တဲ့ လောဘစိတ်၊ လိုချင်တဲ့ လောဘစိတ်ကလေးပေါ်လာတယ်။

## အသိလိုက်ပေးပါ

ဒီစိတ်လေးသည်ကားလို့ဆိုရင် ပေါ်လာပြီဟေ့၊ ပေါ်လာပြီဟလို့ နောက်ကညာဏ်ကလေးနဲ့ အသိလိုက်ပေးပါ. . . (မှန်လှပါဘုရား)။

ထိုကဲ့သို့ အသိလိုက်ပေးတဲ့အချိန်မှာ ၎င်းစိတ်ကလေး မရှိဘူး. . . (မရှိပါဘုရား)။ မရှိတော့ ၎င်းစိတ်ကလေးသည် ဒကာ ဒကာမတွေဖြစ်တာ မသိလိုက်ရဘူးလား. . . (သိရပါတယ်ဘုရား)။

သိလိုက်ရတယ်။ ဪ. . . မိမိသန္တာန် ဒီစိတ်ကလေး ဖြစ်သွားသကိုးလို့ မသိလိုက်ရဘူးလား. . . (သိလိုက်ရပါတယ်ဘုရား)။

## အပျက်ကလေးသာသိတယ်

အဲဒီသိကဲ့အချိန်ကျတော့ ဒကာ ဒကာမတို့ လောဘ စိတ်[illegible]သေးသလား. . . (မရှိပါဘူးဘုရား)။ မရှိတော့ အပျက် ကလေးသာသိတယ်. . . (မှန်လှပါဘုရား)။ အပျက် ကလေးသာ သိသွားတယ်။

ဒကာ ဒကာမတွေ ကြည့်တဲ့အချိန်ကျတော့ ရင်း လောဘ စိတ်ကလေးရှိသေးသလား. . . (မရှိတော့ပါဘူး ဘုရား)။ မရှိတော့ မရှိတာလည်းသိ၊ ဘယ်သူမရှိတာတုံးလို့ တွေး လိုက်တဲ့အခါကျတော့မှ ခုနကပေါ်နေတဲ့ လောဘစိတ်ကလေး မရှိတော့ဘူးလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ လောဘစိတ်ကလေးဖြစ် တာကိုလည်း ဒကာ ဒကာမတွေ သိလိုက်ပါ. . . (မှန်လှပါဘု ရား)။ ပျက်သွားလို့ မရှိတာလည်း. . . (သိသွားပါတယ်ဘုရား)။

## ဖြစ်ပျက်သိအောင်လုပ်ပါ

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ လောဘစိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်သိအောင်လုပ်. . . (မှန်လှပါဘုရား)။ ရှင်းပြီ လား. . . (ရှင်းပါပြီဘုရား)။

လောဘစိတ်ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်သိအောင်လုပ်ရမှာပါဘုရား)။ ဖြစ်ပျက်သိအောင်လုပ်ရ

မယ်. . . (မှန်လှပါဘုရား)။ စာက သာမညဆိုတယ်၊ ဒီက အဓိပ္ပါယ် ရှင်းပြတယ်. . . (မှန်လှပါဘုရား)။

စာကသာမညဆိုတယ်၊ စာက သာမညပဲဆိုတယ် **"သရာဂံဝါစိတ္တံ သရာဂ စိတ္တန္တိ ပဇာနာတိ"** လောဘစိတ်ဖြစ်တယ် ဆိုရင် သိအောင်လုပ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတော်မူတယ်. . . (မှန်လှပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလည်း ဒီစိတ်ကလေးပေါ်လာ တယ်၊ ဒီစိတ်ကလေးပျက်သွားတယ်လို့ ခင်ဗျားတို့ ဉာဏ်ကလေး နဲ့ နောက်ကလိုက်တဲ့အချိန်မှာ ဒီစိတ်ကလေးဟာ ပေါ်ပြီးတာ လည်း မဟုတ်တော့ဘူး. . . (မှန်လှပါဘုရား)၊ ပေါ်သွားပြီ. . . (မှန်လှပါဘုရား)။

ရှိလည်းမရှိသောကြောင့် ပျက်သွားပြီ. . . . (မှန်လှပါ ဘုရား)။ အဲဒီကဲ့သို့ ပေါ်ပြီး ပျက်နှင့်ပြီးမှ ခင်ဗျားတို့၏ဉာဏ် က ပေါ်လာတယ်. . . (မှန်လှပါဘုရား)။ ဉာဏ်ကပေါ်လာ တယ်။

## အဖြစ်အပျက်သိတဲ့ဉာဏ်

ဉာဏ်ကပေါ်လာတော့ ဒီဉာဏ်ကလေးသည် ဒကာ ဒကာမတို့၏ အဖြစ်ရော၊ အပျက်ရော သိတဲ့ဉာဏ်ကလေးပါ

လား. . . (မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

အဖြစ်ရော၊ အပျက်ရော သိတဲ့ဉာဏ်ကလေးက နောက် ကလိုက်လာတယ်. . . (မှန်လှပါဘုရား)။ အဲဒီကဲ့သို့ လိုက်လာတဲ့ အခါကျတော့ အင်း. . . ဒါ ရာဂစိတ်ကလေး၏ ဖြစ်မှု၊ ပျက်မှုကို သိတဲ့ပုဂ္ဂိုလ်ပဲ၊ လောဘစိတ် ဖြစ်မှု၊ ပျက်မှုကို သိတဲ့ပုဂ္ဂိုလ်ပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ. . . တစ်ခါစဉ်းစားဦး၊ တစ်ခါစဉ်းစားပါဦး ဒကာ ဒကာမတွေရ အဖိုးတန်သထက်တန်အောင်လို့. . . (မှန်လှပါ ဘုရား)။

## စိတ်ဟူသည်၊ ရုပ်ဟူသည်ဖြစ်ပျက်

၎င်းလောဘစိတ်ကလေးသည် စိတ်ဟူသည်၊ ရုပ်ဟူသည် ဟာဖြစ်တာနဲ့ ပျက်တာပဲရှိတာပဲ. . . (မှန်ပါဘုရား)။ တခြား ဘာရှိသေးသတုံး. . . (မရှိပါဘူးဘုရား)။ အဖြစ် အပျက်ပဲရှိတယ် ဒကာ ဒကာမတို့. . . (မှန်ပါဘုရား)။

အဲဒီတော့ အဖြစ်အပျက်ရှိတာကို ကျုပ်တို့က နောက် ဉာဏ်ကနေပြီး လိုက်တော့ ဖြစ်ပြီးပျက်သွားတဲ့ တရားပဲလို့ ကျုပ် တို့က မသိလိုက်ဘူးလား. . . (သိလိုက်ပါတယ်ဘုရား)။

ဒါဖြင့် တရားသဘောအတိုင်းကို ခင်ဗျားတို့က သိတာပေါ့. . . (မှန်လှပါဘုရား)။ တရားသဘောကလည်း ဖြစ်ပြီးပျက်တဲ့သဘော. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ အသိသဘောကလေးကကော. . . (ဖြစ်ပြီးပျက်တဲ့သဘောပါဘုရား)။

ဖြစ်ပြီးပျက်တယ်လို့ အသိသဘောပေါ်တယ်. . . (မှန်ပါဘုရား)။ တရားသဘောကဖြစ်ပြီးပျက်တဲ့သဘော. . . (မှန်ပါဘုရား)။ ခင်ဗျားတို့ အသိသဘောကကော. . . (ဖြစ်ပြီးပျက်တဲ့သဘောပါဘုရား)။ ဖြစ်ပြီးပျက်တယ်လို့ သိတဲ့သဘော၊ ဒီကျအောင်လိုက်. . . (မှန်လှပါဘုရား)။

ဒီအတိုင်းမလိုက်နဲ့. . . (မှန်ပါဘုရား)။ ဟိုဟာနဲ့ထပ်နေမှာပေါ့. . . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။ တရားသဘောကဘာဖြစ်သလဲ (ဖြစ်ပြီးပျက်တဲ့သဘောပါဘုရား)။ ဖြစ်ပြီးပျက်တဲ့သဘောပဲရှိတယ်။ တခြားဘာရှိသေးသတုံး. . . . (မရှိပါဘူးဘုရား)။

အဲဒီတော့ ဒီတရားသဘောကို ခင်ဗျားတို့က ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ကို လောဘစိတ်ကလေးကို ဉာဏ်နဲ့ကြည့်တဲ့အချိန်ကျတော့ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

မရှိတာ သိတဲ့သဘောလေးက ဘယ်လိုသိသတုံး. . . (ဖြစ်ပြီးပျက်သွားပြီလို့သိတဲ့သဘောပါဘုရား)။ ဖြစ်ပြီးပျက်သွားပေါ့ကိုးလို့ ဖြစ်ပျက်သဘောလေး မသိလိုက်ဘူးလား. . . (သိပါတယ်ဘုရား)။

## တရားကိုအမှန်အကန်ကျင့်တဲ့ပုဂ္ဂိုလ်

အဲဒီလိုသိအောင်လုပ်တဲ့ ပုဂ္ဂိုလ်မှ တရားသဘော အတိုင်းသိတဲ့ပုဂ္ဂိုလ် (ဝါ) တရားကို အမှန်အကန်ကျင့်တဲ့ပုဂ္ဂိုလ် ဆိုပြီးသကာလ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်လို့ ဘုရားကဟောလိုက်တယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ဆိုတာ ဒကာ ဒကာမတို့ တရားကဖြစ်ပြီးပျက်နေရဲ့သားနဲ့ သူက အဖြစ်ကလေးသာ မြင်တယ်. . . (မှန်လှပါဘုရား)။ အပျက်ကိုမမြင်ဘူးဆိုလို့ရှိရင် အဲ့ဒါ တရားအတိုင်းသိတဲ့ပုဂ္ဂိုလ် မဟုတ်သေးပါဘူး. . . (မှန်လှပါဘုရား)။

တရားအတိုင်းသိတဲ့ပုဂ္ဂိုလ် မဟုတ်သေးပါဘူး. . . (မှန်လှပါဘုရား)။ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ထဲသို့ မဝင်သေးပါဘူး. . . (မှန်လှပါဘုရား)။ ဒုတိယ အဆက်နော်. . . (မှန်လှပါဘုရား)။

ဒုတိယအဆက်၊ ဓမ္မကထိကရွေးပြီး၊ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်ကို ရွေးနေတယ်. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ငင်းလောဘစိတ်လေးသည် ဖြစ်ပြီးပျက်တယ်လို့ ဒကာ ဒကာမတွေ ပင်ကိုသဘောက လောဘစိတ်ကလေးဟာ ဖြစ်ပျက်ပဲရှိတယ်. . . (မှန်ပါဘုရား)။

ခင်ဗျားတို့က သိတာကော. . . (ဖြစ်ပြီးပျက်တဲ့သဘော ပါဘုရား)။ ဖြစ်ပြီးပျက်တဲ့သဘောကလေးကို မသိဘူးလား. . . (သိပါတယ်ဘုရား)။

အေး. . . ဖြစ်ပြီးပျက်တယ်ဆိုတဲ့ သိတဲ့သဘောကလေး မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။ အဲဒါသိတဲ့ သဘောကလေးက ခင်ဗျားတို့ ဉာဏ်သဘောကလေး. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်သိတဲ့ဉာဏ်

ဒါဖြင့် ဖြစ်ပျက်ကိုသိတဲ့ဉာဏ်သဘောလေးက နောက်ကလိုက်လာတယ်. . . (မှန်ပါဘုရား)။ ဖြစ်ပျက်က ရှေ့ကသွားနှင့်တယ်. . . (မှန်ပါဘုရား)။

ဖြစ်ပျက်သိတဲ့သဘောက . . . (နောက်ကလိုက်ပါတယ်ဘုရား)။ နောက်ကလိုက်တယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ နောက်ကလိုက်တယ်၊ အဲဒီကဲ့သို့ နောက်ကလိုက်တော့ ဒကာ ဒကာမတွေ ဘာသိသလဲမေးတော့ ခုနက လောဘစိတ်ကလေးဖြစ်ပျက်တာ သိလိုက်ပါတယ်ဘုရားလို့ ခင်ဗျားတို့မလျှောက်နိုင်ဘူးလား. . . (လျှောက်နိုင်ပါတယ်ဘုရား)။

## ကိုယ်တိုင်ကျင့်လို့တွေ့တာ

အဲဒီကဲ့သို့ လျှောက်နိုင်တာသည် ဒကာ ဒကာမတို့ လောဘစိတ်ကလေး၏ ဖြစ်မှု၊ ပျက်မှုကို ခင်ဗျားတို့ ကိုယ်တိုင်ကျင့်လို့ ကိုယ်ပိုင်တွေ့. . . (မှန်ပါ)။

ဒကာကြွယ် မနက်ကတည်းက လောဘဖြစ်နေတဲ့ဥစ္စာ ဉာဏ်ကမအုပ်မိတဲ့ ပုဂ္ဂိုလ်တွေ တစ်ပုံကြီးပေါ့ဗျာ . . . (မှန်လှပါဘုရား)။ အဲ့ဒါတွေကျတော့ တရားအတိုင်းသိတဲ့ ပုဂ္ဂိုလ်တွေဆိုလို့ ရသေးရဲ့လား. . . (မရပါဘူးဘုရား)။

အဲဒါတော့ ဒီပုဂ္ဂိုလ်က တရားလက်လွတ်နေတဲ့ ပုဂ္ဂိုလ် . . . (မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။ တရားလက်လွတ်နေတဲ့ ပုဂ္ဂိုလ်၊ တရားအတိုင်းမကျင့်တဲ့ ပုဂ္ဂိုလ် ဒီအတိုင်းသက်ဝင်သွားပြီဆိုတာ ဉာဏ်ရောက်ကြပြီ လား. . . (ရောက်ပါပြီဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတွေက တရား အတိုင်း ကျင့်မှသာလျှင်လည်း တရားက ခင်ဗျားတို့ နိဗ္ဗာန်ဆောင် ဒို့မှာပေါ့ . . . (မှန်ပါ့ဘုရား) တရားအတိုင်းမကျင့်လို့ရှိရင် . . . (မပို့ပါ ဘူးဘုရား)။ နိဗ္ဗာန်ပို့နိုင်တဲ့စွမ်းရည်သတ္တိမရှိပါဘူး. . . (မရှိပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ လောဘစိတ်ကလေးဖြစ် လာတယ်၊ ဒကာ ဒကာမတွေက နောက်ကအသိကလေး လိုက်ပေး၊ အသိကလေးလိုက်ပေး၊ လောဘစိတ်ကလေး ခင်ဗျားတို့ အသိကလေးလိုက်ပေးတဲ့အချိန် လောဘစိတ်ကလေး ဘယ်နှယ့်နေသတုံး. . . . (ပျက်သွားပါတယ်ဘုရား)။

## ဟာဒယဝတ္ထုပေါ်မှာဖြစ်တယ်၊ ပျက်တယ်

ဖြစ်ပြီးပျက်သွားပြီ. . . (မှန်လှပါဘုရား)။ ဩော်. . . ခန္ဓာကိုယ်ထဲမှာ ဟာဒယဝတ္ထုပေါ်မှာပဲဖြစ်တယ်၊ ဟာဒယဝတ္ထုပေါ်မှာပဲ ပျက်သွားပြီးသွားပါပေါ့လားလို့ နောက်ဉာဏ်ကသိပေးလိုက်တာပေါ့. . . (မှန်လှပါဘုရား)။

မကြဲ့ဘဲနဲ့သိပါ့မလား. . . (မသိပါဘုရား)။ အေး. . . မကြဲ့ဘဲနဲ့ မသိဘူး၊ ဟုတ်လား၊ ကြဲ့လို့သိတယ်. . . (မှန်လှပါဘုရား)။

ကြဲ့တာဝိတက်၊ သိတာပညာ၊ အဲ့ဒါကြောင့် သမ္မာသင်္ကပ္ပဆိုတဲ့ဝိတက်နဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ပညာ သေသေချာချာ ဒုတိယသိလာတဲ့အခါ သူတို့နှစ်ခုခေါင်းဆောင်ပြီ၊ ခေါင်းဆောင်တရားနှစ်ခု ခန္ဓာကိုယ်ထဲရောက်လာပြီဆိုတာ အသေအချာမှတ်. . . (မှန်လှပါဘုရား)။

## ပညာမဂ္ဂင်ခေါင်းဆောင်လာတယ်

မဂ္ဂင်ခေါင်းဆောင် . . . (မှန်ပါဘုရား)။ မဂ္ဂင်နှစ်ခုခေါင်းဆောင်ရောက်လာပြီ . . . (မှန်လှပါဘုရား)။ ခေါင်းဆောင်ရောက်လာလို့ရှိရင်ဖြင့် ပညာမဂ္ဂင်ခေါင်းဆောင်လာတဲ့အတွက် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင် နောက်လိုက်အကုန်ပါတယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အကုန်ပါလာပြီ၊ အကုန်ပါလာပြီ။ ဒါကြောင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း **"သရာဂံဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ'** မင်းတို့ သန္တာန်လောဘစိတ်ဖြစ် တယ်ဆိုရင် လောဘစိတ်ကို သိအောင်လုပ်ဟေ့၊ သိကြပြီလား . . . (သိပါပြီဘုရား)။

ဖြစ်ပြီးပျက်တယ်လို့ မသိဘူးလား. . . (သိပါတယ် ဘုရား)။ အဲဒီကဲ့သို့ ဒကာဒကာမတွေက သိပြီးနေလို့ရှိရင်ဖြင့် အင်း. . . တစ်နံပါတ်ပိုင်ပြီ. . . (မှန်လှပါဘုရား)။

## တရားအတိုင်းကျင့်ပြီ

တရားအတိုင်းကျင့်ပြီ. . . (မှန်လှပါဘုရား)။ တရားက ဖြစ်ပျက်၊ ခင်ဗျားတို့သိတာကလည်း ဖြစ်ပျက်သိဆိုတော့ တရားဖြစ်စဉ်နဲ့ နောက်ကသိစဉ်နဲ့ တစ်ထပ်တည်းမသွားဘူးလား . . . (သွားပါတယ်ဘုရား)။

တရားကဘယ်လိုတုံး. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား) တရားကလည်း ဖြစ်ပျက်၊ အသိကကော. . . (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ကိုပဲသိ. . . (မှန်လှပါဘုရား)၊ ဒီလိုသွား၊ အသိက ဘယ်လိုသိသတုံး. . . (ဖြစ်ပျက်ကိုပဲ သိပါတယ်ဘုရား)။

ဖြစ်ပျက်ကိုပဲသိပါတယ်၊ အဲဒီတော့ တရားအတိုင်းသိ တာပေါ့. . . (မှန်လှပါဘုရား)။ အဲဒါမှ ဓမ္မာနု ဓမ္မ ပဋိ ပန္န တရား အားလျော်စွာသိတာတဲ့. . . (မှန်လှပါဘုရား)။

သူ့အသိက သာမညအသိမဟုတ်ဘူး၊ မတရားအသိမဟုတ်ဘူးတဲ့. . . (မှန်လှပါဘုရား)။ တရားအသိ. . . (မှန်လှပါဘုရား)။ တရားက ဖြစ်ပျက်လို့ ပြောတော့ သူကလည်း ဖြစ်ပျက်လို့သိတယ်. . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် ဓမ္မာနု ဓမ္မပဋိ ပန္န အသိဆိုတော့ ဒီအသိကျတော့မှ ခင်ဗျားတို့ မဂ်သိဖြစ်လာတယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## အလွန်အဖိုးတန်တဲ့အသိ

မဂ်သိ၊ မဂ်သိ ဒကာ ဒကာမတို့၊ အလွန်အဖိုးတန်တဲ့အသိ၊သာမညအသိလို့ မအောက်မေ့လိုက်ပါနဲ့ ထူးထူးခြားခြားသိတဲ့အသိပါ. . . (မှန်လှပါဘုရား)။ ထူးထူးခြားခြားသိတဲ့ အသိပါ။ ခင်ဗျားတို့ ပစ္စက္ခမျက်မှောက်မှာ သိတဲ့အသိပါ. . . (မှန်လှပါဘုရား)။

သူများ အပြောသိမဟုတ်ပါဘူး၊ ကိုယ့်အကြံနဲ့ ကိုယ့်ဉာဏ်နဲ့သိတာပါ. . . (မှန်လှပါဘုရား)။ ကိုယ့်အကြံဆိုတာ သမ္မာသင်္ကပ္ပ. . . (မှန်လှပါဘုရား)။ ကိုယ့်ဉာဏ်ဆိုတာ သမ္မာဒိဋ္ဌိ. . . (မှန်လှပါဘုရား)။

အဲ. . . ကိုယ့်အကြံ ကိုယ်ဉာဏ်နဲ့ သိသောကြောင့် သူများအပြောသိလား၊ ကိုယ်တိုင်သိလား. . . (ကိုယ်တိုင်သိပါဘုရား)။ ကိုယ်တိုင်သိလာဖြစ်တယ်. . . (မှန်ပါဘုရား)။

အဲဒီလို ကိုယ်တိုင်သိ ဖြစ်လာတော့မှ ဩော်. . . ဖြစ်တဲ့တရားကလည်း ဖြစ်ပြီးပျက်တာ၊ သိတဲ့ဉာဏ်ကလည်း ဖြစ်ပျက်ကိုပဲသိတော့ ဩော်. . . တရားအတိုင်း ကျင့်ကြံလို့သိတာကိုးလို့ ဓမ္မာနု-ဓမ္မ ပဋိ ပန္န-ပုဂ္ဂိုလ်ထဲ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝင်သွားတာပေါ့ဗျ. . . (မှန်လှပါဘုရား)။

ဟုတ်ပြီလား. . . (မှန်ပါဘုရား)။ဓမ္မာနု ဓမ္မ ပဋိ ပန္နပုဂ္ဂိုလ်ထဲဝင်သွားပြီ. . . (မှန်လှပါဘုရား)။ အဲဒီတော့ "**ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ**"ဆိုတာ သိပ်ကိုက်တယ်. . . (မှန်လှပါဘုရား)။

## တရားနဲ့လျော်သောသိသောအကျင့်

ဣမာယ ဓမ္မာနု ဓမ္မပဋိ ပတ္တိယာ၊ ဤတရားနဲ့လျော်သော၊ သိသောအကျင့်ဖြင့် ဟုတ်လား၊ တရားနဲ့ လျော်တဲ့သိတဲ့အကျင့်. . . (မှန်ပါဘုရား)။

မတရားတဲ့အကျင့်လား. . . (မဟုတ်ပါဘူးဘုရား)။ တရားတဲ့အကျင့်. . . (မှန်လှပါဘုရား)။ အဲ့ဒါ အသေအချာမှတ်ပါ. . . (မှန်လှပါဘုရား)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ ဒါက သရာဂစိတ်ဆိုတဲ့ လောဘစိတ်ကလေးသိတာ. . . (မှန်ပါဘုရား)။ ဘုရားက ဒါတင်မဟောဘူး . . . "**ဝီတရာဂ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ**

ပဇာနာတိ" လောဘစိတ်မဖြစ်တာကိုလည်း မဖြစ်တာလို့ သိရမယ် . . . (မှန်ပါဘုရား)။

## လောဘစိတ်ချုပ်ပျောက်သွားပြီ

အဲဒီတော့ ဒကာ ဒကာမတွေ လောဘစိတ်မဖြစ်တာကိုလည်း မဖြစ်တာလို့ သိရမယ်ဆိုသဖြင့် လောဘစိတ်ကလေး မလာတော့ဘူး ကိုယ့်သန္တာန်မှာ. . . (မလာပါဘုရား)။ လောဘစိတ်မလာတော့ဘူး ဆိုတော့ ဒကာ ဒကာမတွေထဲမှာ ဘာရှိနေသတုံး။ လောဘစိတ်ဖြင့် ချုပ်ပျက်သွားပြီ၊ ဟုတ်လား၊ လောဘစိတ်ဖြင့် ချုပ်ပျက်သွားပြီဆိုတော့ ဒကာ ဒကာမတွေက သွားချင်တဲ့စိတ်ကလေး၊ ထိုင်ချင်တဲ့စိတ်ကလေး၊ လှဲချင်တဲ့စိတ်ကလေးတော့ မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီကျလာတဲ့အခါကျတော့ ရိုးရိုးသွား၊ ရိုးရိုးထိုင် ဟုတ်လား၊ အဲဒီကဲ့သို့ စိတ်တစ်မျိုးပေါ်လာတော့တယ်၊ အင်း ဒီဟာကတော့ ဖြစ်ပြီး ပျက်တာပဲ၊ သွားတဲ့စိတ်ကလေးဟာလည်း၊ သွားချင်တဲ့စိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်တာပဲ. . . (မှန်ပါဘုရား)။

ဖြစ်ပြီးပျက်တာပဲလို့သိတော့၊ ဒီလိုအသိကျပြန်တော့ ခုနက လောဘစိတ်သိတာလား၊ လောဘမပါတဲ့စိတ်သိတာလား . . . (လောဘမပါတဲ့စိတ်သိတာပါဘုရား)။

## လောဘကင်းတဲ့စိတ်

အဲဒါကျတော့ လောဘကင်းတဲ့စိတ်ကို သိပြန်ပြီ. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား၊ လောဘကင်းတဲ့စိတ်သိပြန်ပြီ၊ ဒီလိုမှ မရှာချင်လို့ရှိရင်လည်း ကိုယ့်သန္တာန်မှာ ရှုတဲ့စိတ်၊ ရှိုက်တဲ့စိတ်ကို ရှုတာပေါ့။

ရှုတဲ့စိတ်၊ ရှိုက်တဲ့စိတ်ကလေးကလည်းဖြစ်ပြီး ပျက်မနေဘူးလား. . . (ပျက်နေပါတယ်ဘုရား)။ အဲဒါလေးဟာ လောဘပါသေးသလား. . . (မပါပါဘူးဘုရား)။

မပါတော့၊ အဲဒီစိတ်ကလေးဟာ၊ အဲဒီစိတ်ကလေးပြန်ကြည့်လိုက်တဲ့အခါကျတော့ ဒါလေးကလည်း လောဘစိတ်ကလေးမပါတာ ဖြစ်ပျက်နေတာကိုးလို့ မသိပေဘူးလား . . . (သိပါတယ်ဘုရား)။

အဲဒီလို ခင်ဗျားတို့ ရှုပေးနိုင်ပြန်လို့ရှိရင်လည်း လောဘကင်းတဲ့စိတ်ကလေးဖြစ်ပြီလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။ အေး. . . ရှုစိတ်ကလေး ရှိုက်နေတာကိုးဗျ. . . (မှန်ပါဘုရား)။

## ရှုတဲ့စိတ်ရှိုက်တဲ့စိတ်

ရှုစိတ်ကလေး ရှိုက်နေတော့၊ ရှုတဲ့စိတ်ကလေးရှိုက်တဲ့စိတ်ကလေးသူတို့သည်ကား လို့ဆိုရင်ဖြင့် ဒကာ ဒကာမတွေ

ဖြစ်ပြီး ပျက်နေတာပဲ. . . (မှန်ပါဘုရား)။ အဲ့ဒါကော မသိရပေဘူးလား. . . (သိရပါတယ်ဘုရား)။

သိရတဲ့အခါကျတော့ အကြံကောင်း ဉာဏ်ကောင်းနဲ့ သွားကြည့်လိုက်တာပေါ့. . . (မှန်လှပါဘုရား)။ ကြည့်လိုက်တဲ့အခါကျတော့ အဲ့ဒီကြည့်တဲ့စိတ်ကလေးဟာ လောဘစိတ်လား၊ လောဘကင်းတဲ့စိတ်လား. . . (လောဘကင်းတဲ့စိတ်ပါဘုရား)။

အေး. . . မတတ်သာလို့ရှူ၊ ရှိုက်နေရတာကို :. . . (မှန်လှပါဘုရား)။ မတတ်သာလို့ ရှူရှိုက်နေရတော့ လောဘကင်းတဲ့ စိတ်ကလေးသည် လောဘကင်းတဲ့စိတ်ကလေးဖြစ်ပြီး ချုပ်ပြီလို့ကော မသိဘူးလား. . . (သိပါတယ်ဘုရား)။

အေး. . . အဲဒီကဲ့သို့ ခင်ဗျားတို့ သိပြန်တော့လည်း ဒကာ ဒကာမတို့ ဒီအသိက လောဘစိတ်ကင်းတဲ့အသိ၊ လောဘကင်းတဲ့စိတ်ကလည်း ဘယ်သဘောရှိပြန်သတုံးဆိုတော့၊ ဖြစ်ပျက်ပဲရှိတာပဲ၊ ဟုတ်ပြီလား. . . (မှန်လှပါဘုရား)။

## ဖြစ်ပျက်ပဲရှိတယ်လို့သိတယ်

ရှူတဲ့ ရှိုက်တဲ့စိတ်ကလေးကလည်း ဘယ်သဘောသတ္တိရှိ သတုံး. . . (ဖြစ်ပျက်ပဲရှိပါတယ် ဘုရား)။ ဖြစ်ပျက်ပဲရှိတော့၊ ဖြစ် ပျက်သိပြန်တော့လည်း၊ သိတဲ့ဉာဏ်ကလည်း ဖြစ်ပျက်သိပြန်

တော့လည်း ရှုတဲ့ရှိက်တဲ့စိတ်ကလေးသည် ဖြစ်ပျက်ပဲရှိတယ်လို့ နောက်ဉာဏ်က မသိရပေဘူးလား. . . (သိရပါတယ်ဘုရား)။

ထိုကဲ့သို့ သိတဲ့အခါကျတော့၊ အင်း ရာဂကင်းတဲ့စိတ် လည်း ကျုပ်တို့သိပြန်ပြီ. . . (မှန်လှပါဘုရား)။ ဖြစ်ပျက်သိပြန်ပြီ . . . (မှန်လှပါ ဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်သိပြန်တော့လည်း ဒကာ ဒကာမ တွေသည် ခုနက လောဘစိတ်ဖြစ်ပျက်သိတာလား၊ လောဘမပါ တဲ့စိတ် ဖြစ်ပျက်သိတာလား. . . (လောဘမပါတဲ့စိတ် ဖြစ်ပျက် သိတာပါဘုရား)။

အဲ့ဒါကတော့ ရာဂကင်းတဲ့စိတ်ကိုလည်း ဖြစ်ပျက်ရယ် လို့ သိအောင်လုပ်လို့ ဆိုလို့ ခင်ဗျားတို့က သိအောင်လုပ်ကြ ပြန်တယ်. . . (မှန်လှပါဘုရား)။

ဖြစ်ပျက်လို့သိအောင်လုပ်တော့ ခင်ဗျားတို့သည် တရား အတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်ထဲ မပါဘူးလား. . . (ပါပါတယ်ဘုရား) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။ ဒါက လောဘကင်းတဲ့စိတ် နော်. . . (မှန်လှပါဘုရား)။

## ဉာဏ်သွင်းလိုက်ရင်ကျေးဇူးများတယ်

ဒါတင်မကသေးပါဘူး ခင်ဗျားတို့ ဉာဏ်သွင်းလိုက်ပါဦး . . . (မှန်လှပါဘုရား)။ ကျေးဇူးများစရာတွေ အများကြီးရှိပါသေး တယ်. . . (မှန်လှပါဘုရား)။

ဘုရားရှိခိုးနေတယ် ဒကာ ဒကာမတို့၊ ကိုယ့်ဟာကိုယ် ဘုရားရှိခိုးနေတယ်၊ ဘုရားရှိခိုးနေတဲ့စိတ်ကလေးဟာလည်း လောဘပါသေးသလား. . . (မပါပါဘူးဘုရား)။

မပါတော့ "ဩကာသ"ဆိုတဲ့စိတ်ကလေးဟာ လည်း **"ဩကာသ"** ဆိုပြီး ချုပ်သွားတာပဲလို့ နောက်ကအသိလိုက် ပါ. . . (မှန်လှပါဘုရား)။ "ဩကာသ" ဆိုတဲ့ စိတ်ကလေး ဟာ **"ဩကာသ"** ဆိုပြီးတော့ ဒကာ ဒကာမတို့ နောက်ထပ် ဒုတိယ **"ဩကာသ"** ဆိုနိုင်သေးရဲ့လား. . . (မဆိုနိုင်ပါဘူးဘုရား)။

မဆိုနိုင်တော့ ပထမ "ဩကာသ"လို့ဆိုပြီး ရှိခိုးတဲ့စိတ်က လေးကကော ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။ အဲ့ဒါ နေက်က ဉာဏ်နဲ့သိပေးပါ့လား. . . (မှန်လှပါဘုရား)။

## နောက်ကဉာဏ်နဲ့သိပေးပါ

နောက်ကဉာဏ်နဲ့ သိပေးလိုက်တဲ့အခါကျတော့ ပထမ "ဩကာသ"ဆိုတဲ့စိတ်ကလေး ဖြစ်ပျက်သွားတာကို နောက် ဉာဏ်ကသိလိုက်တော့ ဖြစ်ပျက်သိတဲ့ အသိကိုပဲ ပြန်မရောက် ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အေး. . . ဖြစ်ပျက်သိတဲ့ အသိကိုပဲ ပြန်ရောက်တယ်၊ အဲဒီစိတ်ကတော့ စဉ်းစားစမ်း ရာဂပါသေးသလား. . . (မပါပါ

ဘူးဘုရား)။ ဘုရားရှိခိုးတဲ့စိတ်ကို ဖြစ်ပျက်သဘောထားပြီးရှုလိုက်တာပဲ. . . (မှန်ပါဘုရား)။ ဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

အဲဒီတော့ လောဘပါသေးသလား. . . (မပါပါဘူးဘုရား)။ ဩော် . . . ဒီလောဘမပါတဲ့စိတ်ကလေးလည်း၊ ကုသိုလ်စိတ်ကလေးလည်း ဖြစ်ပြီးချုပ်တာကိုးလို့ ဒကာ ဒကာမတွေက သိပေးလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား . . . (မှန်လှပါဘုရား)။

## ဘုရားရှိခိုးတဲ့စိတ်

ထို့အတူ ဘုရားရှိခိုးတဲ့စိတ်၊ ဆွမ်းလောင်းတဲ့စိတ်ကလေးကော လောဘပါသေးသလား. . . (မပါပါဘူးဘုရား)။ ဒါဖြင့် လောဘကင်းတဲ့စိတ်၊ ဘာစိတ်လို့ဆိုကြမတုံး. . . (လောဘကင်းတဲ့စိတ်ပါဘုရား)။

အဲဒါလေး ဒီအတိုင်းပစ်ထားရမှာလား. . . (မဟုတ်ပါဘူးဘုရား)။ နောက်ဉာဏ်နဲ့ကြည့်ပေးရမယ်၊ နောက်ဉာဏ်နဲ့ကြည့်ပေးတဲ့အခါကျတော့ကို ဒကာ ဒကာမတို့ ဒါက လောဘကင်းတဲ့စိတ်ကြည့်တာ. . . (မှန်လှပါဘုရား)။ ရှင်းပြီးလား. . . ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

လောဘကင်းတဲ့စိတ်၊ ဒါကြောင့် ခင်ဗျားတို့က ဆွမ်းလောင်းပြီးပြီးတာပဲ ဒီလိုအောက်မေ့ပြီးနေတော့ လောင်းရုံလေး

လောင်းတာ ခင်ဗျားတို့ဟာက ဖြစ်ပျက်က နောက်ကမလိုက် . . . (မလိုက်ပါဘုရား)။

အဲဒီတော့ ဒီကရှေ့လိုက်ကြစမ်းပါဦး. . . (မှန်လှပါဘုရား)။ ဟဒယဝတ္ထုပေါ် လောင်းချင်တဲ့စိတ်ကလေးကလည်း လောင်းပြီးတော့ ဘာဖြစ်သတုံး. . . (လောင်းပြီးတော့ ပျက်ပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်တဲ့တရား

သူသည်ကားလို့ဆိုရင်ဖြင့် ဖြစ်ပြီးပျက်တဲ့တရားလေးပါလားလို့ ဉာဏ်နဲ့ နောက်ကလိုက်ပေး. . . (မှန်လှပါဘုရား)။ နောက်တစ်ခါ လောင်းပြန်ရင်ကော လောင်းတဲ့စိတ်ကလေး မပျက်ဘူးလား. . . (ပျက်ပါတယ်ဘုရား)။ အဲ့ဒါ ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

ဖြစ်ပြီးပျက်သွားပါပေါ့လားလို့ နောက်က ဉာဏ်နဲ့လိုက်၊ ဟုတ်ပြီလား. . . (မှန်လှပါဘုရား)။ အဲ့ဒါသည် လောဘပါသေးသလား၊ မပါဘူးလား. . . (မပါပါဘူး ဘုရား)။ အဲ့ဒါ လောဘကင်းတဲ့စိတ်ဖြစ်ပျက်ကိုမြင် ပြန်တယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ကုသိုလ်စိတ်တွေဖြစ်ပျက်ရှု

ဒါဖြင့် လောဘစိတ်ဖြစ်လည်း ဖြစ်ပျက်မြင်အောင်လုပ် . . . (မှန်လှပါဘုရား)။ လောဘစိတ်မှတစ်ပါးသော ကုသိုလ်စိတ်တွေဖြစ်ပြန်ရင်ကော . . . (ဖြစ်ပျက်မြင်အောင် လုပ်ရမှာပါဘုရား)။

ခင်ဗျားတို့က ကုသိုလ်လုပ်တယ်ဆိုရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်း ကုသိုလ်ကလေးဖြစ်လို့ ဝမ်းသာနေတာကများတယ်. . . (များပါတယ်ဘုရား)။ ကုသိုလ်ကလေး ပျက်သွားတယ်လို့ ဉာဏ်ကမလိုက်ဘူး. . . (မလိုက်ပါဘူးဘုရား)။

ဉာဏ်ကမလိုက်တော့ ခင်ဗျားတို့ ဝိပဿနာဉာဏ်ဆိုလို့ ရသေးရဲ့လား. . . (မရပါဘူးဘုရား)။ ကုသိုလ်စိတ်ကလေးဖြစ်လို့၊ ကုသိုလ်ကလေးလုပ်ရလို့ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ၊ ခင်ဗျားတို့ ကုသိုလ်စိတ်ကလေးရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

အလကားရမ်းပြီးဝမ်းသာနေတာ . . . (မှန်လှပါဘုရား)။ ဟိုကုသိုလ်လုပ်တဲ့ စိတ်ကလေးက ကုသိုလ်လုပ်တဲ့အချိန်ကလေးကိုကဖြစ်ပြီးပျက်သွားပြီ. . . (မှန်လှပါဘုရား)။

အဲဒါလေးလျှောက်ပြီးဝမ်းသာနေတာနဲ့ အဲဒါဝမ်းသာနေတာ မကောင်းဘူးလို့ ဘုန်းကြီးကမဆိုဘူး. . . (မှန်လှပါဘုရား)။ မကောင်းဘူးလို့ဆိုပြီး ရမ်းမလိုက်ပါနဲ့. . . (မှန်ပါဘုရား)။

## ဝမ်းသာတာထက်ကျေးဇူးများတာရှိတယ်

မကောင်းဘူးလို့ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ၊ ဒါဝမ်းသာတယ်. . . (မှန်ပါဘုရား)။ သို့သော် ဝမ်းသာတာထက် ကျေးဇူးများတာကရှိနေတယ်. . . (မှန်ပါဘုရား)။ ဝမ်းသာတာထက်ကျေးဇူးများတာရှိတယ်. . . (မှန်လှပါဘုရား)။

ဘယ်လိုကျေးဇူးများသတုံးဆိုတော့ ကုသိုလ်စိတ်ကလေးဟာ ဖြစ်ပြီးချုပ်တာပဲလို့ နောက်ကမဂ်ဉာဏ် လိုက်ပေးတာက သာကောင်းတယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

နောက်က ဝမ်းသာနေတာကတော့ ကုသိုလ်ထပ်ပွားတာပဲ ရှိတာပဲ. . . (မှန်လှပါဘုရား)။ ကုသိုလ်ထပ်ပွားတာပဲရှိတယ်။ ခုနက ကံတွေပြတ်နိုင်တဲ့သဘော မဂ်ဉာဏ်လာရဲ့လား. . . (မလာပါဘူးဘုရား)။

## နောက်ကဉာဏ်လိုက်ပါ

ကုသိုလ်တွေဆက်ပြီးသကာလ၊ အကျိုးပေးတွေဆက်သွားမှာပဲ. . . (မှန်လှပါဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ ယခုပြောလာတဲ့စကားဟာ ခင်ဗျားတို့ဝမ်းသာနေတာထက် ဖြစ်ပျက်ကို ရှုပြီတော့နောက်က ဉာဏ်လိုက်တာက ကောင်း၏။ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဝမ်းသာတာက ကုသိုလ်ပွားနေတာပဲဆိုတော့ ခင်ဗျားတို့ ပြောရိုးထုံးစံအတိုင်းအရင် ကုသိုလ်စိတ်ဖြစ်ပြီး နောက်ဝမ်းသာတဲ့ စိတ်ပေါ်ပြန်တာပဲ. . . (မှန်လှပါဘုရား)။ ဝမ်းသာနေရုံနဲ့လည်း ခင်ဗျားတို့ မဂ်ဉာဏ်မရသေးဘူး. . . (မှန်ပါဘုရား)။

ရပ့်မလား. . . (မရပါဘူးဘုရား)။ ဝမ်းသာတဲ့စိတ်ကိုးဗျ . . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ ရှေးထုံးအတိုင်းဆိုလို့ရှိရင်ဖြင့် အမြဲဝမ်းမြောက်နေမှာပဲ **စာဂါနုဿတိ** ဖြစ်နေမှာပဲ. . . (မှန်ပါဘုရား)။

**စာဂါနုဿတိ**ဆိုတာ ဝမ်းသာတာ၊ ကုသိုလ်တော့ ကုသိုလ်ပဲ. . . (မှန်ပါဘုရား)။ သို့သော် **သမထကြီး**. . . (မှန်လှ ပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ကောင်းတော့ကောင်းပါတယ်၊ အကောင်းကြီး မဟုတ်ဘူး

သမထပါတဲ့ဥစ္စာ. . . (မှန်ပါဘုရား)။ အဲ့ဒါခင်ဗျားတို့ ကလည်း ဉာဏ်ကတုံးပြီး သကာလနေတော့ ကိုယ့်ကုသိုလ် ကလေးကိုယ်ပြန်အောက်မေ့နေရလို့ရှိရင်ပဲ ခင်ဗျားတို့ကလည်း အင်မတန်မှ အင်း. . ထူးပြီဟေ့၊ ဒါလေးတော့ မမေ့ဘူး၊ ဒါလေးပဲ အားကိုးရမှာပဲဆိုပြီး သကာလခင်ဗျားတို့ကလည်း ဒါလေးပဲ ထပ်ပြန်တလဲလဲအောက်မေ့နေတယ်. . . (မှန်လှပါဘုရား)။

သို့သော် ကောင်းပါတယ်၊ ကောင်းတော့ကောင်းပါတယ်၊ အကောင်းကြီးမဟုတ်ဘူး. . . (မှန်လှပါဘုရား)။ အကောင်းကြီးပေးနေတဲ့ ဘုန်းကြီးဖြစ်နေတော့ အဲဒါ လျှော့ဈေးထားပါ။. . . (မှန်လှပါဘုရား)။

ကုသိုလ်စိတ်ကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ နောက်က ဉာဏ်လိုက်လိုက်. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။ အောက်မေ့နေတာက သမထ. . . (မှန်လှပါဘုရား)။ ဖြစ်ပျက်ကိုရှုနေတာက ဝိပဿနာမဂ်ဉာဏ်. . . (မှန်လှပါဘုရား)။ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာကလည်း "ဝိတရာဂစိတ္တံ၊ ဝိတရာဂစိတ္တန္တိပဇာနာတိ" ဖြစ်ပျက်သိအောင်လုပ်လို့ ဟောထားတယ်. . . (မှန်လှပါဘုရား)။ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

အဲဒီတော့ သမထနေရာကျတော့ "စာဂါနုဿတိ"လို့ ဟောတယ်. . . (မှန်ပါဘုရား)။ ဝိပဿနာနေရာကျတော့ သိအောင်လုပ်ဟော့ ဖြစ်ပျက်ကို၊ (မှန်လှပါဘုရား)။ ဒီလိုဟောပြန်တယ်. . . (မှန်လှပါဘုရား)။

## အလတ်စားပုဂ္ဂိုလ်အတွက်

အဲဒီတော့ အကောင်းဆုံးနေရာကျတော့ဖြင့် ဖြစ်ပျက်သိအောင်လုပ်. . . (မှန်လှပါဘုရား)။ အလတ်စားပုဂ္ဂိုလ်အတွက်

ဆိုလို့ရှိရင်ဖြင့် ထပ်ပြန်တလဲလဲ အောက်မေ့ဟော့၊ စာဂါနုဿတိ လုပ်ဟ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ စာဂါနုဿတိနဲ့ ဝိပဿနာကောကွဲပြီ လား. . . (ကွဲပါပြီဘုရား)။ ထပ်ပြန်တလဲလဲအောက်မေ့တာက ဘာတုံး. . . (စာဂါနုဿတိပါဘုရား)။ သမထ။

ဒီဖြစ်ပျက်ကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ ရှုတာကတော့ . . . (ဝိပဿနာပါဘုရား)။ အေး . . . ကြိုက်တာယူ ခင်ဗျားတို့ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

## ဘယ်ဟာကြိုက်သတုံး

ဘယ်ဟာကြိုက်သတုံး. . . (ဝိပဿနာပါဘုရား)။ အကောင်းဆုံးက ဝိပဿနာပေါ့ဗျာ. . . (မှန်လှပါဘုရား)။ သူက မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ် လာတာကိုး. . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ သတိပဋ္ဌာန် အတိုင်း အားထုတ်မယ်ဆိုလို့ရှိရင်ဖြင့် **"စာဂါနုဿတိ"**နဲ့တင် မနေနဲ့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

ဝိတရာဂစိတ္တံ၊ ဝိတရာဂစိတ္တန္တိပဇာနာတိ ဆိုသဖြင့် ဒါလောဘကင်းတဲ့ စိတ်မဟုတ်ဘူးလား. . . (မှန်ပါဘုရား)။ ကုသိုလ်စိတ်ဟာလေး၊ အဲဒါဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှု ရမှာပါဘုရား)။

## မဂ်ဉာဏ်ဝင်လာတာ

ဖြစ်ပြီးပျက်တဲ့တရားပါလားလို့ အသိကလေးလိုက်ပေး . . . (မှန်လှပါဘုရား)။ ဖြစ်ပြီးပျက်တဲ့ တရားပါလားလို့ အသိကလေးလိုက်ပေးလို့ရှိရင်ဖြင့် ဒုက္ခသစ္စာမြင်လိုက်တာပဲ. . . (မှန်ပါဘုရား)။ မဂ်ဉာဏ်ဝင်လာတာပေါ့. . . (မှန်ပါဘုရား)။

ဒီလိုက သာကောင်းတယ်. . . (မှန်လှပါဘုရား)။ ရှေးကခင်ဗျားတို့ ကုသိုလ်ကလေး ကိုယ်ဝမ်းသာတာ မပျောက်စေနဲ့တော့ ဆိုတာကိုင်း သို့သော် အလွန်ကြီးမကောင်းသေးဘူး. . . (မှန်ပါဘုရား)။

လမ်းဆုံးမကောင်းဘူး. . . (မှန်ပါဘုရား)။ လမ်းဆုံးမကောင်းဘူးဆိုတာ ဘယ်နှယ့်ကြောင့် ဟောရသတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။ သမထဖြစ်နေလို့. . . (မှန်လှပါဘုရား)။

## ကိလေသာအမြစ်ပြတ်တယ်

ကိလေသာငြိမ်ရုံပဲရတယ်၊ အမြစ်မပြတ်ဘူး. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား. . . (မှန်လှပါဘုရား)။ ဝိပဿနာရှုလိုက်တဲ့အခါကျတော့ ကိလေသာအမြစ်ပြတ်တယ်. . . (မှန်လှပါဘုရား)။

အဲ့ဒီလို ကွာခြင်းကြီးမက ကွာနေလို့ ဒကာ ဒကာမတွေ ပြင်လိုက်ပါဦးဆိုတာ သတိပေးရတယ်. . . (မှန်လှပါဘုရား)။ ကဲ. . . လုပ်တတ်ကြပြီလား. . . (လုပ်တတ်ပါပြီဘုရား)။

"ဓမ္မာနုဓမ္မပဋိပန္န" ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဆိုတာ ပါလိမ့်. . . (တရားအဖြစ်အပျက်တိုင်းသိတဲ့ပုဂ္ဂိုလ်ပါဘုရား)။ တရားက အဖြစ်အပျက်ကို အဖြစ်အပျက်တိုင်းသိတဲ့ ပုဂ္ဂိုလ် မှသာလျှင် ဘာဆိုကြ. . . (ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ပါဘုရား)။

အေး. . . ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်အောင်လုပ်ပါ . . . . (မှန်လှပါဘုရား)။ ဒါ သိပ်အရေးကြီးပါတယ်. . . (မှန်လှ ပါဘုရား)ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် လောဘစိတ်ဖြစ်လည်း ခင်ဗျားတို့ ကြောက်မနေနဲ့ . . . (မှန်လှပါဘုရား)။ ငါ့ဖြင့် လောဘချည်းတစ်နေ့လုံးဖြစ် နေတာပဲ ငါ့ဖြင့်သေခြင်းဆိုးသေဖို့ သေချာနေပြီလို့ အင်မတန် ကိုယ့်ကိုယ်ကို ကြောက်ပစ်လိုက်လိမ့်မယ်. . . (မှန်လှပါဘုရား)။

မကြောက်ပါနဲ့၊ မကြောက်ပါနဲ့၊ လောဘစိတ်ဖြစ်တိုင်း ဖြစ်တိုင်း သိအောင်လုပ်ပေး. . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဖြစ်တိုင်း ဖြစ်တိုင်းသိအောင်လုပ်ပေးဆိုတော့၊ လောဘ ဖြစ်ပျက်သိတာလား. . . (ဖြစ်ပျက်သိတာပါဘုရား)။ ဖြစ်ပျက် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)

အိုး. . . ဒီလိုသာ သိအောင် လုပ်နေမယ်ဆိုရင် ဒုက္ခသစ္စာသိအောင်လုပ်နေတဲ့အတွက် ဖြစ်ချင်တိုင်းဖြစ်စမ်းဗျာ ကိစ္စမရှိဘူး. . . (မှန်လှပါဘုရား)။ လောဘသိတာလား၊ ဒုက္ခသစ္စာသိတာလား. . . (ဒုက္ခသစ္စာသိတာပါဘုရား)။

ဒုက္ခသစ္စာသိနေတဲ့ပုဂ္ဂိုလ်တွေမို့ ကိစ္စမရှိဘူးတဲ့ အဘယ့်ကြောင့်ဆိုသော် သူသိတဲ့အချိန်မှာ လောဘရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။ ဘာရှိသတုံး. . . (အဖြစ်အပျက်ပဲရှိပါတယ်ဘုရား)။

ဖြစ်ပျက်က ဘယ်သဘောရှိသတုံး. . . (ဒုက္ခသစ္စာသဘောပါ ဘုရား)။ ဒုက္ခသစ္စာသဘော. . . (မှန်ပါဘုရား)။ နားလည်ပြီလား. . . (နားလည်ပါပြီဘုရား)။

အဲ့ဒီတော့ ဒုက္ခသစ္စာသဘော၊ အဲဒီဒုက္ခသစ္စာသိတဲ့အသိမျိုးဖြစ်နေတော့ ကိစ္စမရှိဘူး. . . (မှန်ပါဘုရား)။ ဒါကြောင့် မသိမှာသာစိုးရိမ်တယ် ဦးလှဘူးရေ. . . (မှန်လှပါဘုရား)။

## သိအောင်လုပ်နေစမ်းပါ

သိရင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိအောင်လုပ်စမ်းပါကွာဆိုပြီး သတိပဋ္ဌာန် ပါဠိတော်က "သရာဂံ စိတ္တံ၊ သရာဂံ စိတ္တန္တိ ပဇာနာတိ"သိအောင်လုပ်စမ်းပါကွာ၊ ❍သိရင်ခက်တယ်. . . (မှန်လှပါဘုရား)။

သိတော့ ဒုက္ခသစ္စာသိတာ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ ယောင်ချာချာလုပ်ပြီး သကာလ မနေကြပါနဲ့၊ လောဘစိတ်ဖြစ်တယ်ဆိုရင် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်သိအောင်လုပ်၊ ကုသိုလ်စိတ်ကလေးဖြစ်လာရင်ကော. . . (ဖြစ်ပျက်သိအောင်လုပ်ရမှာပါဘုရား)။

အဲဒါ တယ်သတိထားနိုင်ခဲတယ်. . . (မှန်လှပါဘုရား)။ အင်မတန်ထားနိုင်ခဲတယ်၊ အဲဒါ ခင်ဗျားတို့ ဆရာဆီမှာ အဖြေမြိုင်သလောက် ဟို. . . သတိထားဖို့ရာ မလွယ်ဘူး. . . (မလွယ်ပါဘုရား)။

ဆရာ့ဆီမှာ အဖြေလွယ်သလောက်၊ ခင်ဗျားတို့ အိမ်ပြန်ကျတဲ့အခါကျတော့ မလွယ်ဘူး. . . (မလွယ်ပါဘူးဘုရား)။ ဘာဖြစ်လို့ မလွယ်သတုံး. . . မေးစရာမလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အေး. . . နေရတဲ့ နေရာက အင်မတန်မှ အပါယ်သွားမယ့်နေရာက ဖြစ်နေတဲ့အတွက် သတိမရဘူး. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## မနေကောင်းတဲ့နေရာနေမိလို့

အဲဒီတော့ ခင်ဗျားတို့ အိမ်ရောက်လာလို့ရှိရင် သတိမရဘူးဆိုရင် ဒီနေရာ မနေကောင်းတဲ့ နေရာနေမိလို့သာ ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

မနေကောင်းတဲ့နေရာ နေမိတဲ့အတွက် တရားတွေကွယ်တာပဲ. . . (မှန်လှပါဘုရား)။ ဖြစ်ပျက်ရှုတဲ့ဉာဏ်လေးဟာ အိမ်ကျလာတဲ့အခါ မကွယ်လား. . . (ကွယ်ပါတယ်ဘုရား)။

အဲဒါဘယ်လိုနေရာနေမိလို့တုံး . . . (မနေကောင်းတဲ့နေရာ နေမိလို့ပါဘုရား)။ အေး. . . မနေကောင်းတဲ့နေရာ နေမိလို့. . . (မှန်လှပါဘုရား)။ နေကောင်းတဲ့နေရာနေမိအောင်လုပ်မဟ. . . (မှန်လှပါဘုရား)။ ဆိုပြီး အချိန်များများယူလုပ်လိုက်ရင်လည်း ပြီးသွားတာပဲ. . . (မှန်လှပါဘုရား)။

ကိုင်း. . . ရာဂစိတ်ဖြစ်တာကိုလည်း သိအောင်လုပ်၊ ရာဂကင်းတဲ့စိတ် ကုသိုလ်စိတ်ဖြစ်တာကိုကော. . . (သိအောင်လုပ်ရမှာပါဘုရား)။ ကောင်းပြီ၊ ဒါသဘောကျပြီလား. . . (သဘောကျပါပြီဘုရား)။

## ရှေ့တစ်ဆင့်တက်ကြစို့

ဒါသဘောကျရင် ရှေ့တစ်ဆင့်တက်ကြစို့ ဒကာ ဒကာမတို့ ဒါ-တရားအတိုင်းသိတဲ့ပုဂ္ဂိုလ်. . . (မှန်လှပါဘုရား)။

ဒေါသစိတ်ဖြစ်လာပြီ ဒကာ ဒကာမတို့ စိတ်ထဲမှာ စိတ်ဆိုးတဲ့ ဒေါသစိတ်ကလေးဖြစ်လာပြီ. . . (မှန်လှပါဘုရား)။ အဲ့ဒါ ဘာလုပ်ရမှာတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ဒေါသစိတ်

အေး. . . ဖြစ်ပြီးပျက်တဲ့ တရားလေးပါလားလို့ မြန်မြန်လုပ်လိုက်. . . (မှန်လှပါဘုရား)။ သိအောင်လုပ်တဲ့အခါကျတော့ ဒေါသစိတ်က ဒုက္ခသစ္စာ ဖြစ်သွားပြီး. . . (မှန်လှပါဘုရား)။ သိတဲ့ဉာဏ်ကလေးက မဂ္ဂသစ္စာ ဖြစ်သွားပြီ. . . (မှန်လှပါဘုရား)။

ဒါကြောင့် သိအောင်လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ သိပ်ပြီးကျေးဇူးများတာပဲ. . . (မှန်လှပါဘုရား)။ ဒေါသဖြစ်တယ် ဟုတ်လား. . . (မှန်လှပါ)။ ဒါတင် မကသေးဘူး ဒေါသစိတ်ကလည်း ခင်ဗျားတို့ သန္တာန်မှာ ဣဿာ၊ မစ္ဆေရ ငြူစူတဲ့စိတ်တွေကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒါလည်း ငြူစူတဲ့စိတ်ကလေးဟာလည်း ဖြစ်ပြီး ပျက်တာပဲလို့ လိုက်ပြီးသိ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . (ရှင်းပါပြီဘုရား)။

## ဖြူစင်တဲ့စိတ်

ဖြူစင်တဲ့စိတ်ဖြစ်ပြီးရင် ဘာဖြစ်မတုံး. . . (ပျက်စီးမှာပါဘုရား)။ ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်တဲ့တရားပဲလို့ နောက်ကဉာဏ်နဲ့သိ . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဒကာမတွေမှာ ဖြူစင်တဲ့စိတ်တွေက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ် ဒကာမတွေမှာ သာများတယ်လို့. . . (မှန်လှပါဘုရား)။ ဖြစ်ပြီးပျက်တယ်လို့ အမြန်လိုက်ရှုလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ အဲ့ဒါ ဒေါသရှုတာပါပဲ. . . (မှန်လှပါဘုရား)။

ဣဿာ စိတ်ကလေးဖြစ်လာတယ်ဆိုရင် ဘာလုပ်မလဲ . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ အဲဒီကဲ့သို့ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒီဣဿာ ကလေးက ခင်ဗျားတို့အပါယ်မချတော့ဘူး. . . (မှန်လှပါဘုရား)။ ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်ပြီပကောဗျ. . . (မှန်လှပါဘုရား)။

## သိတဲ့ဉာဏ်ကမဂ္ဂသစ္စာ

ဒါကြောင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာဆိုတော့ ဣဿာ အဖြစ်နဲ့ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ မသိတဲ့ပုဂ္ဂိုလ်အနေနဲ့ကတော့ ဣဿာအဖြစ်နဲ့ပဲ နေတော့တာပဲ. . . (မှန်လှပါဘုရား)။

သိတဲ့ပုဂ္ဂိုလ်ကတော့ အင်း. . . ဖြစ်ပြီးပျက်သွားသော ကြောင့် ဒုက္ခသစ္စာသိလိုက်တာပဲလို့ ဉာဏ်က မလာဘူးလား . . . (လာပါတယ်ဘုရား)။ အဲဒီလိုကွာသွားတယ်. . . (မှန်လှပါ ဘုရား)။

ကဲ. . . တစ်ခါသွားပါဦးမယ် ဒကာ ဒကာမတို့ အဲ့ဒါ ဒေါသစိတ်လို့ မှတ်စမ်းပါ. . . (မှန်ပါဘုရား)။

မစ္ဆေရ ဟိုလူလာတယ်ဆိုရင် ဒီကပစ္စည်းတွေပျောက် ကုန်ပြီ မစ္ဆေရ ကိုးဗျ. . . (မှန်လှပါဘုရား)။ သူလာမေးလည်း မကြည်ဖြူတဲ့ဘက်က ဆိုင်တာပဲ. . . (မှန်လှပါဘုရား)။ အဲ့ဒါ ဘာတွေတုံး (မစ္ဆေရပါဘုရား)။

## မစ္ဆေရစိတ်

အဲဒီ မစ္ဆေရစိတ်ပေါ်လာရင်လည်း ဒကာ ဒကာမတို့ ဖြစ်ပြီးပျက်တယ်လို့ နောက်ကလိုက်ပေးစမ်းပါဦး. . . (မှန်လှပါ ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ နောက်ကဉာဏ်နဲ့မလိုက်လို့ရှိရင်ဖြင့် မစ္ဆေရ သည် ခင်ဗျားတို့နောက်ဘဝမွဲရမယ်၊ တေရမယ်၊ အစာအဟာရ ရှားပါးရမယ်. . . (မှန်လှပါဘုရား)။

အဝတ်အထည် မပြည့်မစုံပဲနေရမယ်၊ မစ္ဆေရတန်ခိုးပေါ့ ဗျာ. . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် မဇ္ဈေရပေါ်လာရင် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ မဇ္ဈေရစိတ်ကလေးဖြစ်ပြီး ပျက်တာပဲလို့ ခင်ဗျားတို့က အသိလိုက်ပေး. . . (မှန်လှပါဘုရား)။

အဲ့ဒီကဲ့သို့ လိုက်ပေးလို့ရှိရင် ဒါ ဒေါသစိတ်နဲ့ပတ်သက်တာတွေ သိလုံးလုပ်သွားတဲ့အတွက် ဘုရားက **"သဒေါသ ဝါစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ"** ဒေါသစိတ်ကလေးဖြစ်ပြီး ပျက်တယ်လို့ မင်းတို့သည် အသိကလေးလိုက်လိုက် လိုက်လိုက်ပေးပါကွာဆိုတာ သဘောကျသွားပြီးလား. . . (သဘောကျပါပြီဘုရား)။

အဲ့ဒီကဲ့သို့ ရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား)။ အေး. . . ဒါကြောင့် ဒေါသတို့ ကုက္ကုစ္စတို့ မဇ္ဈေရတို့ ဟုတ်လား၊ ဒေါသစိတ်ကလေးဖြစ်ပြန်တယ်ဆိုတာလည်း ဒေါသစိတ်ကလေး တစ်ခုတည်းမှတ်မနေနဲ့ ကုက္ကုစ္စရော မဇ္ဈေရရော ဟုတ်လား၊ ကုက္ကုစ္စ တွေကောပါလာတယ်. . . (မှန်လှပါဘုရား)။

## ကုက္ကုစ္စဝင်လာရင်

ကုက္ကုစ္စတွေကောပါလာတယ်. . . (မှန်လှပါဘုရား)။ ကုက္ကုစ္စဆိုတာ ဘာတုံးလို့ဆိုလို့ရှိရင်ဖြင့် ကျူပ်မှားခဲ့ပြီ၊ ဆရာကောင်း၊ သမားကောင်းနဲ့ မတွေ့ခဲ့ဘဲ မတွေ့ခဲ့ဘဲနဲ့ နေခဲ့ရတာ ကျူပ် မှားခဲ့ပြီဆိုတာလည်း အဲဒါနှလုံးမသာမယာခြင်း ဖြစ်တာလည်း ကုက္ကုစ္စဖြစ်တာပဲ. . . (မှန်ပါဘုရား)။

အဲဒီ ကုက္ကုစ္စ ဖြစ်လာရင်လည်း ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်ပြီးသကာလသွားပြီ ဒုက္ခသစ္စာပဲလို့ သိအောင်လုပ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

ကျုပ်တို့နောက်တုန်းက နေခဲ့ရတာ၊ ထိုင်ခဲ့ရတာအမှားကြီးမှားကုန်ပြီဆိုရင် ဒါဘာတုံး၊ ကုက္ကုစ္စ. . . ပြန်ပြော၊ ခင်ဗျားတို့နောက်တုန်းက နေခဲ့ထိုင်ခဲ့ရတာ အမှားကြီးမှားကုန်ပြီလို့လာတာဘာတုံး. . . (ကုက္ကုစ္စပါဘုရား)။

## ဖြစ်ပျက်လို့မြန်မြန်ရှုပစ်ပါ

အဲ့ဒါ အမှားကြီးမှားကုန်ပြီဆိုတဲ့ စိတ်ဟာ ဘာစိတ်တုံး . . . (ကုက္ကုစ္စစိတ်ပါဘုရား)။ အဲဒါကိုလည်း တာရှည်ဖြစ်မနေပါနဲ့၊ ဖြစ်ပြီးပျက်တယ်လို့ မြန်မြန်ရှုပစ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ရှုပစ်လိုက်လို့ရှိရင် ဒုက္ခသစ္စာအဖြစ်နဲ့သူက မပေါ်လာဘူးလား. . (ပေါ်လာပါတယ်ဘုရား)။ ဒုက္ခသစ္စာအဖြစ်နဲ့ ပေါ်လာတော့ ဉာဏ်က မဂ္ဂသစ္စာဖြစ်လိမ့်မယ်. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား. . . အဲဒီလိုဆိုလို့ရှိရင်ဖြင့် ဓမ္မာနု ဓမ္မပဋိပန္န၊ ကုက္ကုစ္စဖြစ်လည်း ကုက္ကုစ္စရှုတာပဲ. . . (မှန်ပါဘုရား)။

ကြ္လသာ ဖြစ်ရင်ကော. . . (ကြ္လသာဖြစ်ပျက်ရှုပါဘုရား) ကြ္လသာ ဖြစ်ပျက်ရှုထည့်လိုက်ပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

မဓ္ဈေရ ဖြစ်ရင်ကော. . . (မဓ္ဈေရကို ဖြစ်ပျက်ရှုရမှာပါဘုရား)။ အဲ. . . မဓ္ဈေရ ဖြစ်ပျက်ကိုရှုရမှာ. . . (မှန်လှပါဘုရား)။

အဲ့ဒီကဲ့သို့ ရှုတာသည် ဒေါသစိတ်ကို ရှုတာချည့်ပဲလို့ မှတ်လိုက်စမ်း. . . (မှန်လှပါဘုရား)။ ဒေါသစိတ်ကို ခင်ဗျားတို့က တစ်လုံးထဲပဲ မှတ်နေတယ်၊ ဒေါသလည်း ဒေါသပဲ၊ ကြ္လသာကော ဒေါသပဲ၊ မဓ္ဈေရကော. . . (ဒေါသပါဘုရား)။ ကုက္ကုစ္စကော. . . ဒေါသပါဘုရား)။

ဒါတွေဟာ ခင်ဗျားတို့က စာပေကျမ်းဂန်လည်း မသင်ဖူးတာကတစ်မျိုး ဟုတ်ပြီးလား၊ အဲ့ဒါတွေဟာ ဒေါသစိတ်နဲ့ဘွဲ့ရက်ချည့်ပဲ၊ ဒေါသထဲသွင်းပြီး ရှုရတာချည့်ပဲ. . . (မှန်လှပါဘုရား)။ နားလည်ကြပြီလား. . . (နားလည်ပါပြီဘုရား)။

တစ်ခါတလေကျတော့ ဒကာ ဒကာမတွေက ဒေါသဖြစ်တုန်းကတော့ ဖြစ်လိုက်တာပဲ၊ သနားပါသေးတယ်၊ သနားဘယ်ဆိုတော့ ကုသိုလ်စိတ်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## သနားတဲ့စိတ်

သနားတယ်ဆိုတဲ့ စိတ်ကလေး မလာဘူးလား. . . (လာပါတယ်ဘုရား)။ အဲ့ဒီကုသိုလ်စိတ်ကလေး ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဖြစ်ပြီး ပျက်တာပဲလို့ဆိုတော့ အဲ့ဒါက ဒေါသကင်းတဲ့ စိတ်. . . (မှန်လှပါဘုရား)။ ကိုယ့်သားသမီးရိုက်တော့ ရိုက်လိုက်တာပဲ ဒေါသနဲ့. . . (မှန်လှပါဘုရား)။ အဲ့ဒါ ဖြစ်ပျက်ရှုပါ . . . (မှန်လှပါဘုရား)။

ရိုက်ပြီးသကာလ ကိုယ်က သနားမနေဘူးလား. . . (နေပါတယ်ဘုရား)။ အဲ့ဒါက ဒေါသကင်းတဲ့စိတ်. . . (မှန်လှပါဘုရား)။ အဲ့ဒါ ကလေးရိုက်မယ့်ကြဲရင် ဒီနှစ်ခု ရှုနိုင်ရင် ရိုက်သာရိုက်. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒီနှစ်ခု ရိုက်တုန်းကလည်း ရိုက်နိုင်တာပဲ၊ နောက်အုပ်မိအောင်ရှု. . . (မှန်လှပါဘုရား)။ ရိုက်ပြီး သနားတဲ့စိတ်ကို. . . (ပြန်ပြီး ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ ပြန်ပြီးရှုပစ်။

ဒေါသ ကင်းတဲ့စိတ်ပေါ် လာရင်လည်း ဒေါသကင်းတဲ့ စိတ်၊ သနားစိတ်ဖြစ်တယ်လို့၊ ဖြစ်ပြီးပျက်တယ်လို့ ခင်ဗျားတို့ ရှုပေးပါ. . . (မှန်လှပါဘုရား)။

## ဒုက္ခသစ္စာလို့ထင်တဲ့ဉာဏ်

ရှုပေးခဲ့လို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ ဘာအပြစ်မှမရှိဘူး. . . (မှန်လှပါဘုရား)။ ဒုက္ခသစ္စာလို့ ထင်တဲ့ဉာဏ်တွေချည့်ပဲ လာနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒေါသကင်းတဲ့စိတ်ကော ရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား)။ ဒေါသစိတ်ကော. . . (ရှုတတ်ပါပြီဘုရား)။

ကိုင်း. . ဒါဖြင့် ဒေါသစိတ်၊ ဒေါသကင်းတဲ့စိတ်၊ ဒါတွေသိပြီဆိုကြပါစို့. . . (မှန်ပါဘုရား)။ အဲ့ဒီကဲ့သို့ ဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ်ဟာ ဓမ္မာနု ဓမ္မပဋိပန္န ပုဂ္ဂိုလ်ထဲပါသွားပြီ. . . (မှန်လှပါဘုရား)။ အဲ့ဒီမှာ နိဂုံးချုပ်ချုပ်ပေးပါ. . . (မှန်လှပါဘုရား)။

ဒေါသစိတ်ဖြစ်ပျက်ကို ဖြစ်ပျက်မှန်းသိတဲ့ပုဂ္ဂိုလ် ဘာပုဂ္ဂိုလ်တဲ့တုံး. . . (ဓမ္မာနု ဓမ္မ ပဋိပန္န ပုဂ္ဂိုလ်ပါဘုရား)။ အေး. . . ဣဿာ ဖြစ်တာကို ဣဿာဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ်. . . (ဓမ္မာနု ဓမ္မ ပဋိ ပန္နပုဂ္ဂိုလ်ပါဘုရား)။

အေး. . . ဓမ္မာနု ဓမ္မ ပဋိ ပန္န ပုဂ္ဂိုလ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

တစ်ခါလာလိုက်ဦး ခင်ဗျားတို့ မောဟဖြစ်တယ်ဆိုတာကလည်း လာသေးတယ်. . . (မှန်လှပါဘုရား)။ မောဟသည်

ကားလို့ဆိုရင် ခင်ဗျားတို့ ဘယ်ဟာသိပြီတုံးဆိုလို့ ရှိရင်ဖြင့် မော ဟာသည် ဒီအတိုင်းရှုနေလို့မရဘူး။

## မောဟကသိနိုင်ခဲတယ်

မောဟသည် ဒီအတိုင်းရှုနေလို့မရဘူး၊ ဘာကြောင့်တုံး ဆိုရင် မောဟဖြစ်တယ်ဆိုတာ အင်မတန်သိနိုင်ခဲတယ်၊ ဥပေက္ခာ ဖြစ်နေလို့. . . (မှန်လှပါဘုရား)။ ဥပေက္ခာဖြစ်နေတဲ့အတွက် မောဟ အင်မတန်သိနိုင်ခဲ့တယ်. . . (မှန်လှပါဘုရား)။

ဒါ သဘောနဲ့ သေသေချာချာစူးစိုက်မှတ်ပါ. . . (မှန်လှ ပါဘုရား)။ သဘောနဲ့ စူးစူးစိုက်စိုက်မှတ်ပါ၊ ဒါမှသာလျှင် ရှင်းမယ် . . . (မှန်လှပါဘုရား)။

ကဲ. . . ဒါဖြင့် သံသယဖြစ်တယ်၊ ဒါမောဟပဲမှတ်ပေ တော့. . . (မှန်လှပါဘုရား)။ သံသယဖြစ်ပြီ ဒကာ ဒကာမတို့၊ ဟိုကလာတာငါ့သားတွေလား၊ ငါ့သမီးတွေလားဆိုတာ ဘာတုံး . . . (သံသယပါဘုရား)။

အဲဒီ သံသယစိတ်ကလေးဟာလည်း မောဟပဲ. . . (မှန် လှပါဘုရား)။ အဲ့ဒါလေး ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ သံသယစိတ်ကလေးကလည်း ဖြစ်ပြီးပျက်တာပဲလို့ ရှု ပေး. . . (မှန်လှပါဘုရား)။ အဲ့ဒါ မောဟကိုရှုတာပဲ. . . (မှန်လှ ပါဘုရား)။

မောဟကို သတိနေတာ. . . (မှန်လှပါဘုရား)။ မောဟကို ဝိပဿနာရှုနေတာ. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## သံသယစိတ်ဟာမောဟ

သံသယစိတ်ကလေးပေါ်လာတယ်၊ ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်ရှုပါ၊ အဲ့ဒါ မောဟရှုတာပဲ. . . (မှန်ပါဘုရား)။ ဟုတ်ပြီလား. . . ။

ဒကာ ဒကာမတို့ သံသယစိတ်ကလေးပေါ်လာလို့ရှိရင် ဘာကိုရှုရာရောက်သလဲ. . . (မောဟစိတ်ဖြစ်ပျက်ရှုရာရောက်ပါတယ်ဘုရား)။ မှတ်ထား နို့မဟုတ်ရင် မောဟစိတ်ဖြစ်ပျက်မရှုတတ်ပဲနေမှာစိုးလို့. . . (မှန်လှပါဘုရား)။ အသေအချာပြောနေတယ်၊ မောဟမရှုတတ်ပဲနေမှာ ဦးလှဘူးသိပ်စိုးရိမ်ရတယ် . . . (မှန်လှပါဘုရား)။

သံသယစိတ်ကလေးက ဘာတုံး. . . (မောဟပါဘုရား)။ အဲ့ဒါလေးဟာ ဘယ်လိုရှုရမတုံး. . . (ဖြစ်ပြီးပျက်တယ်လို့ ရှုရမှာပါဘုရား)။

အဲ့ဒီကဲ့သို့ ရှုတဲ့အခါကျတော့ "**သမောဟ စိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ**" ဒီပါဠိတော်အထဲ သွားဝင်တယ်. . . (မှန်လှပါဘုရား)။ ဒီပါဠိတော်ထဲ သွားဝင်တယ်။

သတိပဋ္ဌာန်ရပြီးသား ပုဂ္ဂိုလ်အတွက်မှာဖြင့် အလွန် ကျေးဇူးများနေပြီ. . . (မှန်လှပါဘုရား)။ အလွန်ကျေးဇူးများ နေပြီ၊ မရသေးတဲ့ပုဂ္ဂိုလ်ကလည်း သေသေချာချာမှတ်ပါ။

**ဒါလေးဘာလုပ်ရမှာတုံး**

ကိုင်း . . . သံသယဖြစ်တယ်ဆိုလို့ ရှိရင်ဖြင့် သံသယ ဆိုတာ လောဘလား၊ ဒေါသလား၊ မောဟလား. . . (မောဟပါ ဘုရား)။ အဲ့ဒါလေး ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

ဖြစ်ပျက်ရှုရမယ်၊ ခင်ဗျားတို့က သံသယရှိတယ်ဆိုရင် မောဟလို့ မထင်ဘူး. . . (မထင်ပါဘုရား)။ အဲ့ဒါသံသယရှိ တယ်ဆိုတာ မောဟဦးစီးတာ. . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် သံသယစိတ်ကလေး ပေါ်လာတိုင်း၊ ပေါ်လာတိုင်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အေး. . . မောဟသည် ဒုက္ခသစ္စာ ဖြစ်သွားတယ် . . . (မှန်ပါဘုရား)။ ရှုတဲ့ဉာဏ်သည်. . . (မဂ္ဂသစ္စာဖြစ်ပါတယ် ဘုရား) အေး. . . သေတာသည် . . . (သမုဒယသစ္စာ သေပါတယ်ဘုရား)။ သမုဒယသစ္စာသေတယ်ဆိုရင် နိရောဓ သစ္စာမျက်မှောက်ပြုတာပဲ. . . (မှန်လှပါဘုရား)။

ရာဂ ကုန်ရောပေါ့ဗျ၊ ကိုင်း. . . ဒကာ ဒကာမတို့ မောဟက ဒီတစ်လုံးတည်းမကသေးဘူး၊ သံသယ တစ်လုံးတည်း မောဟလို့မဆိုနဲ့. . . (မှန်လှပါဘုရား)။

## ထားရာမနေတဲ့စိတ်ဟာ မောဟစိတ်

ခင်ဗျားတို့ စိတ်က ဟိုအတွက်တွေ၊ ဒီအတွက်တွေ ခင်ဗျားတို့စိတ်ကလေးက ထားရာမနေဘူး . . . (မနေပါဘူး ဘုရား)၊ အဲ့ဒါမောဟစိတ်လို့ မှတ်လိုက်စမ်းဗျာ. . . (မှန်လှ ပါဘုရား)၊ ဟုတ်ပြီလား။

ထားရာမနေတဲ့စိတ် ဘာစိတ်တုံး. . . (မောဟစိတ်ပါ ဘုရား)၊ အဲ့ဒါလေးဘယ့်နှယ့်လုပ်မတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)၊ အေး. . . ထားရာမနေဘူး၊ ကိုယ်က ထားချင်တာက ဝေဒနာပေါ် ထားချင်တယ်။ သူက တောင်ထွက်ပြေး၊ မြောက် ထွက်ပြေး ပြေးတယ်. . . (ပြေးပါတယ်ဘုရား)၊ ဒီစိတ်ကို ဘာ စိတ်လို့ခေါ်ကြမယ်. . . (မောဟစိတ်ပါဘုရား)၊ မောဟစိတ်၊ ရှင်းပြီးလား. . . (ရှင်းပါပြီဘုရား)။

ပျံ့လွင့်တဲ့စိတ်၊ မောဟစိတ် စာလိုတော့ ဥဒ္ဓစ္စစိတ်လို့ လည်း ဆိုနိုင်တယ်. . . (မှန်ပါ)။ သို့သော် မောဟထဲ သွင်းလိုက် (မှန်လှပါဘုရား) ဟုတ်ပြီလား။

အဲဒီတော့ ပြေးတဲ့စိတ်ကလေး၊ ပြေးတဲ့စိတ်ကလေးတွေ ဖြစ်ပြီးပျက်တယ်လို့ ရှုကြည့်စမ်းပါ. . . (မှန်လှပါဘုရား)။

ပြေးတယ်ဆိုတာ သူကသာ အပြင်ဘက်ကို အာရုံပြုတာပါ၊ ခင်ဗျားတို့ ဝမ်းထဲမှာ ရှိတာပါ. . . (မှန်လှပါဘုရား)။ တခြား မပြေးနိုင်ပါဘူး သူက၊ သူကိုယ်တိုင် မပြေးနိုင်ပါဘူး. . . (မှန်လှပါဘုရား)။

သူက ဟိုဟို ဒီဒီအာရုံပြုတာပဲ ရှိပါတယ်၊ သူကိုယ်တိုင် ထွက်ပြေးနိုင်တဲ့ စွမ်းရည် သတ္တိမရှိပါဘူး. . . (မှန်လှပါဘုရား)။ ဟဒယ ဝတ္ထုအပေါ်မှာပေါ်၊ ဟဒယ ဝတ္ထုအပေါ်မှချုပ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (သဘောကျပါပြီ ဘုရား)။

အေး. . . ဒါကြောင့် ပြေးတဲ့စိတ်ကလေးကိုလည်း ဘာလုပ်ကြမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ လောဘလား၊ ဒေါသလား၊ မောဟလား. . . (မောဟပါဘုရား)။

## မောဟဖြစ်တိုင်းဖြစ်ပျက်ရှုပါ

အေး. . . ဒါကြောင့် မောဟဆိုတဲ့တရားလေး ဖြစ်သောကြောင့် အင်း မောဟကိုလည်း မောဟဖြစ်တိုင်းလည်း ဖြစ်ပျက်သိအောင်လုပ်ပေးပါလို့ ဘုရားကဟောပြန်တယ်. . . (မှန်လှပါဘုရား)။

"သမောဟစိတ္တံ၊ သမောဟစိတ္တန္တိ ပဇာနာတိ" ကိုဗျ မောဟနဲ့တကွဖြစ်တဲ့စိတ် မင်းတို့မသိမှာစိုးရတယ်၊ ဒါကြောင့် သံသယဖြစ်လည်း မောဟ၊ တွေဝေရင်ကော. . . (မောဟပါဘုရား)၊ မောဟ ဘယ့်နှစ်မျိုးတွေ့ပြီတုံး. . . (နှစ်မျိုးပါဘုရား)။ နှစ်မျိုးတွေ့ပြီ။

အဲ့ဒီ နှစ်မျိုးစလုံး သံသယလည်းခင်ဗျားတို့ ခဏ ခဏ လာတယ်. . . (မှန်လှပါဘုရား)။ ပြေးတဲ့စိတ်ကကော. . . (လာပါတယ်ခင်ဗျား)။ အဲ့ဒါတွေ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်သာ ရှုပေးပါ ဒကာ ဒကာမတို့. . . ဖြစ်ပျက် အသေအချာရှုပေးပါ။ နားလည်ကြပြီလား. . . (နားလည်ပါပြီဘုရား)။

## မောဟကင်းတဲ့စိတ်

ကောင်းပြီ ဒါဖြင့် ဒါက မောဟဖြစ်တဲ့စိတ်၊ မောဟကင်းတဲ့စိတ်လည်း ရှိပစေ၊ မောဟကင်းတဲ့ စိတ်ကလည်း ဒကာ ဒကာမတွေ ဆွမ်းလောင်းတဲ့ ကုသိုလ်၊ ဘုရားရှိခိုးတဲ့ ကုသိုလ် တွေ ဒါ မောဟပါသေးသလား. . . (မပါပါဘူးဘုရား)။

မပါတဲ့ အခါကျတော့ ဒီစိတ်တွေကိုလည်း ဒကာ ဒကာမတွေက ဘာလုပ်ကြမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ အေး ဒါကြောင့် ပုတီးစိပ်နေတာတွေ၊ ဘုရားအာရုံပြုနေတာ

တွေ၊ ဝိပဿနာရှုနေတဲ့ စိတ်တွေလည်း ပျက်နေတာပဲ. . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် မောဟကင်းတဲ့ စိတ်တွေ ဖြစ်ပြီး ပျက်နေတာပဲလို့ ရှုနိုင်သေးတာပဲ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## မေတ္တာပို့နေတဲ့စိတ်

မေတ္တာပို့နေတဲ့စိတ်တွေကော မောဟပါသေးသလား . . . (မပါပါဘူး ဘုရား)။ အဲဒါကျလာလို့ ရှိရင်ဖြင့် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ အဲ့ဒါက ဝီတမောဟစိတ်တွေပေါ့ဗျာ. . . (မှန်လှပါဘုရား)။

ဆွမ်းလောင်းတဲ့ စိတ်တွေ၊ ဝိပဿနာရှုတဲ့စိတ်တွေ၊ မေတ္တာပို့တဲ့စိတ်တွေ အဲ့ဒီစိတ်တွေ ဘာစိတ်လို့ ခေါ်ကြ. . . မောဟကင်းတဲ့စိတ်၊ ရှင်းပြီလား. . . ရမ်းဖြေလို့ မရဘူး။

## ကုသိုလ်စိတ်

မောဟကင်းတဲ့စိတ်၊ ကုသိုလ်စိတ်ကိုလည်း ကုသိုလ်ပဲ နာမည်ပေးရင်လည်း ရတယ်၊ မောဟကင်းတဲ့စိတ်လို့ ပေးရင်ကော. . . (ရပါတယ်ဘုရား)။ ဒါကြောင့် ဒီနေရာ မောဟနဲ့ ဟောနေတဲ့အတွက်ကြောင့် မောဟကင်းတဲ့စိတ်. . . (မှန်လှပါဘုရား)။

မောဟကင်းတဲ့စိတ်ကိုလည်း မောဟကင်းတဲ့စိတ်ရယ်လို့ သိပေး. . . (မှန်ပါဘုရား)။ ဖြစ်ပျက်သိပေးပါ။ အဲ့ဒီကဲ့သို့ ဒကာ ဒကာမတွေ ရှုတတ်ကြပြီလား. . . (ရှုတတ်ပါပြီဘုရား)။

ဒါဖြင့် နေရာတိုင်းမှာ လစ်လပ်ဖို့လိုသေးသလား. . . (မလိုပါဘူး ဘုရား)။ ရှုတဲ့ ရှုကိတ်တဲ့စိတ်ကလေးတွေ မသိမိရင် မောဟ၊ သိပြီး ရှုလို့ရှိရင် မောဟကင်းတဲ့စိတ်၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။ အေး. . . ဒီအတိုင်းသွားကြစမ်းပါ။ ဒီအတိုင်း သွားကြစမ်းပါ။

ကိုင်း. . . ဒကာ ဒကာမတွေ တစ်ခါတလေများ ပျင်းရိပြီး နေတဲ့စိတ်တွေများ လာလိုက်သေး. . . (လာပါတယ်ဘုရား)။ ပျင်းလိုက်တာဆိုရင်၊ အဲဒီပျင်းတဲ့စိတ်သည်ကားလို့ ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ပျင်းရိပြီး သကာလ လျှော့ရဲတဲ့စိတ်တွေ မလာ ဘူးလား. . . (လာပါတယ်ဘုရား)။

## ပျင်းရိတဲ့စိတ်

အဲ့ဒါတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ တစ်ခါတည်း ဝိပဿနာရှုပစ်ပါ. . . (မှန်လှပါဘုရား)။ ထိနမိဒ္ဓစိတ် တွေပါ . . . (မှန်ပါဘုရား)။ ပျင်းရိတယ်ဆိုတဲ့စိတ်ကို ဘာစိတ် ခေါ်မတုံး. . . (ထိနမိဒ္ဓစိတ်တွေပါဘုရား)။

အဲ့ဒါ ခင်ဗျားတို့ ငိုက်လာမယ်၊ ပျင်းလာမယ်ဆိုရင်ဖြင့် ပျင်းတဲ့စိတ်ကလေးကို မြန်မြန်ရှု. . . (မှန်လှပါဘုရား)။ ပျင်းလာမယ်ဆိုလို့ရှိရင်ဖြင့် ပျင်းတဲ့စိတ်ကလေးကို ဖြစ်ပြီး ပျက်တာပဲလို့ မြန်မြန်ရှု. . . (မှန်လှပါဘုရား)။

## ငိုက်တဲ့စိတ်

ငိုက်လာရင်ကော၊ အဲဒါထိနမိဒ္ဓစိတ်တွေ၊ ထိနမိဒ္ဓစိတ်လို့ ရှုပေးပါ. . . (မှန်လှပါဘုရား)။ ပျင်းတဲ့စိတ်ဟာ ပျင်းတဲ့နေရာမှာချုပ်တယ်. . . (မှန်လှပါဘုရား)။ ငိုက်တဲ့စိတ်ဟာ. . . (ငိုက်တဲ့နေရာမှာ ချုပ်ပါတယ်ဘုရား)။ အဲဒီကဲ့သို့ ဉာဏ်က နောက်က လိုက်လိုက်ပေးစမ်းပါ . . . (မှန်လှပါဘုရား)။

ပျံ့လွင့်တဲ့စိတ်တွေ လာမယ်ဆိုရင် စိတ်တွေဟာ ဟိုပျံ့ ဒီပျံ့ပြီးသကာလ တွေဝေနေတဲ့အခါကော မလာဘူးလား. . . (လာပါတယ်ဘုရား)။ အဲဒါကျတော့ ဥဒ္ဓစ္စစိတ်လို့ မှတ်ပါ. . . (မှန်လှပါဘုရား)။ ဥဒ္ဓစ္စစိတ်ပေါ်လာရင် ဥဒ္ဓစ္စစိတ်သည် ဖြစ်ပြီး ပျက်တာပဲလို့ ခင်ဗျားတို့ ဉာဏ်က နောက်ကလိုက်ပေးပါ. . . (မှန်လှပါဘုရား)။ နားလည်ပြီးလား. . . (နားလည်ပါပြီဘုရား)။

အဲ့ဒီကဲ့သို့ ဒကာ ဒကာမတွေ ရှုရှုပေးပါ။ အဲ့ဒီတော့ ဒကာ ဒကာမတွေ နောက်ကျလာတဲ့အခါကျတော့ ဘယ်နှယ်

ဖြစ်လာမတုံးဆိုတော့ စိတ်ကလေးဟာ ဖြစ်ပျက်ပေါ် မှာချည့် တည်မနေဘူးလား. . . (တည်နေပါတယ်ဘုရား)။

## တည်ကြည်တဲ့စိတ်

အဲဒီတော့ ဒီကျတော့ တည်ကြည်တဲ့စိတ် ဖြစ်ပြီပော့၊ တည်ကြည်တဲ့စိတ်ကိုလည်း **"သမာဟိတစိတ္တံ၊ သမာဟိတစိတ္တန္တိ ပဇာနာတိ"** ကိုယ့်စိတ်ကလေးက ထားရာနေပြီ၊ တည်ကြည်တဲ့ စိတ်ကလေးဖြစ်ပေါ် နေတယ်၊ တည်ကြည်တဲ့စိတ်ကလေးပျက် တယ်. . . (မှန်လှပါဘုရား)။

တည်ကြည်တဲ့စိတ်ကလေးထားရာနေတော့ တည်ကြည် တဲ့သဘောပေါ့ဗျား. . . (မှတ်လှပါဘုရား)။ အဲ့ဒါကလေးဟာ လည်း ခိုင်ရဲ့လား၊ မြဲရဲ့လား. . . (မမြဲပါဘူးဘုရား)။

မမြဲတော့ တည်ကြည်တဲ့စိတ်ကလေးဟာ တည်ကြည် တဲ့စိတ်ဖြစ်ပြီး ပျက်တယ်လို့ နောက်ဉာဏ်နဲ့ လိုက်ရှုလိုက်ပါ. . . (မှန်လှပါဘုရား)။ မရှုရင် မရဘူးတဲ့ ရှုပေး. . . ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

အရင်တည်ကြည်တဲ့ ရှုတဲ့ဉာဏ်ကလေးကို နောက် ဉာဏ်က ပြန်ရှုမရဘူးလား. . . (ရပါတယ်ဘုရား)။ အဲ့ဒီလိုလည်း ရှုနိုင်သေးတယ်တဲ့၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

မတည်ကြည်တဲ့စိတ် ပေါ်လာပြန်လို့ ရှိရင်လည်း မတည်ကြည်ဘူးဆိုတာသာ ရှုပေး. . . (မှန်လှပါဘုရား)။ စိတ်ကလေးက ရှုမယ်ကြံရင်း မမြင်ရင်း၊ အဲ့ဒါ မတည်ကြည်တဲ့စိတ်ကလေး . . . (မှန်လှပါဘုရား)။

## တရားထိုင်လို့မရတဲ့စိတ်

အဲ့ဒီ မတည်ကြည်တဲ့စိတ်ကလေးလည်း ဖြစ်ပြီး ပျက်တာပဲလို့ ရှုပေးပါ. . . (မှန်လှပါဘုရား)။ ဒီနေ့တော့ ကမ္မဋ္ဌာန်းကို ထိုင်လို့မရဘူး၊ ထိုင်လို့မရတဲ့စိတ်ရှု. . . (မှန်လှပါဘုရား)။

ထိုင်လို့မရတာဒီစိတ် ပြေးနေလိမ့်မယ်. . . (မှန်လှပါဘုရား)။ ပြေးတဲ့စိတ်ဘာလုပ်ရမတုံး. . . (ပြေးတဲ့စိတ် ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ အဲ့ဒီကဲ့သို့ ရှုတော့ အဲ့ဒါ ကမ္မဋ္ဌာန်းဖြစ်သွားပြီ. . . (မှန်လှပါဘုရား)။

ခင်ဗျားတို့က ဒီနေ့တော့ ထိုင်လို့ကိုမရဘူး၊ ဘာမှမမြင်ဘူး ဘာဖြစ်နေသတုံး မေးလို့ရှိရင် စိတ်မတည်လို့ဘုရား၊ မတည်တဲ့စိတ်ရှု. . . (မှန်လှပါဘုရား)။ နားလည်ပြီလား. . . (နားလည်ပါပြီဘုရား)။

အဲ့ဒီမတည်တဲ့စိတ်ကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ အဲဒီတော့ ဒါကမ္မဋ္ဌာန်းဖြစ်နေပြီ၊ ဒါခင်ဗျားတို့က ဆင်ခြေကလဲချင်သေးတယ် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက၊

ဒီနေ့တော့ ထိုင်လို့ကိုမရဘူး စိတ်တွေက တောင်ပြေးမြောက်ပြေးနဲ့၊ ပြေးတဲ့စိတ်ဘာလုပ်ရမှာတုံး. . . (ပြေးတဲ့စိတ်ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဒါ ကမ္မဋ္ဌာန်းမဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား) ဘုရားကလည်း ပြေးတဲ့စိတ်ကို ပြေးတဲ့စိတ်လို့ရှုကွာ . . . (မှန်လှပါဘုရား)။ ဆိုတော့ ကမ္မဋ္ဌာန်းမဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲ့ဒါ နေရာတိုင်းခင်ဗျားတို့ ကမ္မဋ္ဌာန်းရှုလို့မဖြစ်ဘူး၊ ဒီနေ့ဘယ်နှယ်ဖြစ်တယ်မသိဘူးလို့ မလာခဲ့နဲ့ ဆင်ခြေနဲ့ မလာခဲ့နဲ့. . . (မှန်လှပါဘုရား)။

ရှုလို့မဖြစ်တဲ့စိတ်ကလေးဟာ ရှုလို့မဖြစ်တဲ့စိတ်ကလေးပေါ့ လို့ပေါ့. . . (မှန်လှပါဘုရား)။ အဲ့ဒီစိတ်ကလေးဖြစ်ပျက်လိုက်ပါလား. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီစိတ်ဖြစ်ပျက်ကို ရှုလိုက်မယ်ဆိုရင် ခင်ဗျားတို့အဖိုး မတန်ပေဘူးလား. . . (တန်ပါတယ်ဘုရား)။ အေး. . . အဲဒီကဲ့သို့ တရားအဖြစ်အပျက်တိုင်းရှုပေး. . . (မှန်လှပါဘုရား)။ အဲ့ဒါ **"ဓမ္မနုဓမ္မ ပဋိပန္န"** ပုဂ္ဂိုလ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်အချိန်ကျအောင်ရှုရမှာတုံး

အဲ့ဒါဘယ်အချိန်ကျအောင် ရှုရမှာတုံး၊ ငြီးငွေ့သည်တိုင် အောင်ရှု. . . (မှန်လှပါဘုရား)။ မလိုချင်သည်တိုင်အောင် . . . (ရှုရမှာဘုရား)။ ငြီးငွေ့သည်တိုင်အောင်. . . (ရှုရမှာပါ ဘုရား)။

အဲ့ဒီလိုရှုပါ. . . (မှန်လှပါဘုရား)။ အဲဒီလို့ရှုနိုင်တဲ့ပုဂ္ဂိုလ် ကျတော့ကို ဒကာ ဒကာမတို့။

၁။ တစ်နံပါတ်က ဖြစ်ပျက်မြင်အောင်ရှု. . (မှန်လှ ပါဘုရား)။

၂။ နှစ်နံပါတ်က ငြီးငွေ့သည်တိုင်အောင်ရှု. . . (မှန်လှပါဘုရား)။

၃။ သုံးနံပါတ်က မလိုချင်သည်တိုင်အောင်ရှု. . . (ရှုရမှာပါဘုရား)။

၄။ လေးနံပါတ်ကျတော့ ငြိမ်းအေးသည့်တိုင် အောင်ရှု (ရှုရမှာပါဘုရား)။

တစ်နံပါတ်က ဘာတုံး. . . ဖြစ်ပျက်မြင်အောင်ရှု. . . (မှန်လှပါဘုရား)။ နှစ်နံပါတ်က. . . (ငြီးငွေ့အောင်ရှုရမှာပါ ဘုရား)။ သုံးနံပါတ်က. . . (မလိုချင်အောင်ရှုရမှာပါ ဘုရား)။ လေးနံပါတ်က. . . (ငြိမ်းအေးသည့်တိုင်အောင် ရှုရမှာပါဘုရား)။ ငြိမ်းအေးသည့်တိုင်အောင်ရှု. . . (မှန်လှပါဘုရား)။

## ဒိဘဝနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်

အဲ့ဒီကဲ့သို့ ရှုလို့ရှိရင်ဖြင့် အဲ့ဒီငြိမ်းအေးရောက်တဲ့ပုဂ္ဂိုလ်ဟာ ဒိဘဝနိဗ္ဗာန်ရမယ်ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချကွတဲ့. . . (မှန်လှပါဘုရား)။ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်ကိုယ့်ဟာ ကိုယ်ရွေးတတ်ပြီလား. . . (ရွေးတတ်ပါပြီဘုရား)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်က ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်. . . (မှန်လှပါဘုရား)။ ငြိမ်းအေးသည့်တိုင်အောင် ရအောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်က ယခုဘဝနိဗ္ဗာန်ရမယ့်ပုဂ္ဂိုလ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ကိုယ့်ဟာကိုယ်လုပ်မှကိုယ်ရမယ်

ငြိမ်းအေးသည့်တိုင်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ် ဘာဆိုကြ. . (ယခုဘဝနိဗ္ဗာန်ရောက်မယ့်ပုဂ္ဂိုလ်ပါဘုရား)။ အဲ့ဒါ ကိုယ့်ဟာ ကိုယ်လုပ်မှ ကိုယ်ရမယ်၊ သူများပေးလို့မရဘူး. . . (မရပါဘုရား) သူများပြောလို့မရဘူး. . . (မရပါဘုရား)။ ကိုယ့်ဟာကိုယ်လုပ်မှကိုယ်ရမယ်ဆိုတာ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲ့ဒါ စိတ္တာ နုပဿနာရှုနည်း. . . (မှန်လှပါဘုရား)။

တဲ့. . . ယနေ့ ဒိတွင်တော်ကြစို့၊

သာဓု. . . သာဓု. . . သာဓု။